စစ်ငြိမ်း

မသေပါနဲ့ မနှင်းဆီ

Whisper Of Words

မသေပါနဲ့ မနှင်းဆီ

လုံးချင်းဝတ္ထု

စင်ငြိမ်း

E-Books

ပုံနှိပ်မှတ်တမ်း

မသေပါနဲ့ မနှင်းဆီ·စစ်ငြိမ်း

ပထမအကြိမ်၊ ဖေဖော်ဝါရီ၊ ၃၀၀၀ တန်ဖိုး · ၁၀၀၀ကျပ်

ထုတ်ဝေသူ · သရဖူစာပေ

E-Book Creator· Whisper of Words

© စစ်ငြိမ်းမှုပိုင်ဖြစ်ပါသည် (စာရေးသူခွင့်ပြုချက်မရှိပဲ-ဖြန့်ဝေခြင်း၊ ရောင်းချခြင်း၊ သွယ်ဝိုက်အကျိုးစီးပွားအတွက် အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းများ မပြုလုပ်ရ)

မာတိကာ

1. About Us
2. နှင်းဆီပွင့်ပေါ် ချိတ်ဆွဲထားတဲ့ စာတစ်စောင်
3. မသေပါနဲ့ မနှင်းဆီ
4. မသေပါနဲ့ မနှင်းဆီ - ၂
5. ကျနော် တအားညည်းငွေ့နေပြီ မနှင်းဆီ
6. မသေပါနဲ့ မနှင်းဆီ - ၃
7. မသေပါနဲ့ မနှင်းဆီ - ၄
8. မသေပါနဲ့ မနှင်းဆီ - ၅
9. မသေပါနဲ့ မနှင်းဆီ - ၆
10. ကျနော်ခင်ဗျားကို မခေါ်ပါဘူး မနှင်းဆီ
11. သတိတရ မနှင်းဆီ
12. ကျနော်မှားသွားတယ် မနှင်းဆီ
13. မနှင်းဆီရေ ချစ်ကြည်စွာ
14. မနှင်းဆီရေ ကျနော်ပါ
15. မနှင်းဆီရေ ကျနော်ပါ - ၂
16. ပန်းတွေပွင့်တဲ့ နှင်းစက်မနက်ခင်း
17. Blossom Of Nature
18. မနှင်းဆီနဲ့ အတူတကွ

About Us

ကျွန်တော်တို့ အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက E-BOOKS READER အသုံးပြုသူများနှင့် DIGITAL DEVICES တွေမှာ စာဖတ်သူများအတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ E-BOOKS READER အသုံးပြုသူများလည်း များပြားလာပြီဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ E-BOOKS READER အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန်အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို DIGITAL နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံး၀(လုံး၀) အသုံးမပြုပါ။

"စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်"

စာပေထုတ်ဝေသူတို့ နှင့် ဆရာ၊ ဆရာမများအနေဖြင့် မြန်မာနိုင်ငံအတွင်းက E-BOOKS MARKET အတွက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် အကြံပြုလိုပါသည်။ E-BOOKS DIGITAL MARKET ဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာရှိနေပါပြီ။ DIGITAL PRODUCT ဖြစ်သည့် အတွက် ဆရာ၊ ဆရာမများအတွက်လည်း ပိုမိုအကျိုးများပါသည်။ ကျွန်ုပ်တို့ ယခုကဲ့သို မူပိုင်ခွင့်ချိုးဖေါက်နေမှုများကို လည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည်ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ E-BOOK ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ်ပြုသင့်တယ်"လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။ စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ်နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံစာပေလောက အတွက် အနာဂတ်ကလေးငယ်များအတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း (E-BOOK ရှိလျှင်) E-BOOK များကို အရင်က ဖတ်ကြပါသည်။ ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။ ထိုကြောင့်

လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

နှင်းဆီပွင့်ပေါ် ချိတ်ဆွဲထားတဲ့ စာတစ်စောင်

(သို့မဟုတ်)

စာရေးသူစကား

ဒီလိုပဲ လူသားလေးတစ်ယောက် အသက်ရှင်နေတာကို မြင်ချင်ရုံသက်သက်။

အဲ့ဒီလူလေးတစ်ယောက် မနက်ခင်းတစ်ခုမယ် အိပ်ရာက နိုးလာမယ်။ ကော်ဖီနွေးနွေးလေးတစ်ခွက်သောက်မယ်၊ ရုံးနောက်ကျမယ်။ သူ့တစ်နေ့တာ အလုပ်ခွင်မယ် အဆင်ပြေ ပျော်ရွှင်ချင်လည်း ပျော်ရွှင်နေမယ်။ စိတ်ညစ် ရှုပ်ထွေး ပင်ပန်းနေတာလည်း ဖြစ်ကောင်းဖြစ်နိုင်တယ်။

သူ သီချင်းလေးတစ်ပုဒ်ကိုညည်းဆိုလို့ ပန်းတွေပွင့်တာကို ပေါ့ပေါ့ပါးပါး ငေးရင်လည်း ငေးနေမယ်။ တိမ်တွေ မြန်မြန်ပျံသွားတာကိုကအစ ဒေါသထွက်နေတဲ့နေ့ရက်တွေလည်း ရှိနိုင်တယ်၊ သူ့မယ်လေ။

ဘာပဲဖြစ်ဖြစ် ခင်ဗျားချစ်တဲ့လူတစ်ယောက် သူ့နေ့စဉ်ဘဝကို ပုံမှန်လေး ဖြတ်သန်းနေတာကို မြင်နေရတာပါပဲ။ ပြီးတော့ ဒီမြင်ကွင်းရဲ့ တန်ဖိုးက လိုအပ်ဖူးတဲ့လူမှ သိနိုင်မယ်။

ဘာပဲဖြစ်ဖြစ်ပါဗျာ ကျနော်ကတော့ အဲ့ဒီလူသားလေး အသက်ရှင်လျက် သူ့နေ့ရက်တွေကို ဖြတ်သန်းနေတာကိုပဲ မြင်နေချင်တာပါ။ လူတစ်ယောက် အသက်ရှင်နေတာကို လူတစ်ယောက်က အရှင်လတ်လတ် ထိုင်ကြည့်ခွင့် ရတယ်ဆိုတာ နည်းတဲ့ကုသိုလ်လား။

"ရှေးရှေးတုန်းကတည်းက ခေတ်အဆက်ဆက် အနုပညာရှင်တွေဟာ မခင်နှင်းဆီအတွက် စိတ်ပူပေးခဲ့ရတယ်။ ဒီလိုဆို မခင်နှင်းဆီဟာ ခေတ် အဆက်ဆက် အန္တရာယ်ကြီးနေခဲ့တာပဲ ဖြစ်ရမယ်။ ဒီနေ့ခေတ်မှာလည်း သေချင်နေတုန်းပဲလား။ မသေပါနဲ့ မနှင်းဆီ ..." တဲ့။

အတွင်းထဲမယ် ကျနော်ရေးထားတဲ့ စာတစ်ပိုဒ်ပါ။

တချို့အရာတွေကလည်း ခပ်တိုတိုပဲပြောတာ ကောင်းပါတယ်။ သူ့ကို ကျနော် ပေးနိုင်တဲ့ ချစ်မေတ္တာတွေနဲ့အတူ လှလှပပလေး ရှင်သန်သွားစေချင်တယ် ပေါ့ဗျာ။ ဒါပါပဲ လိုရင်းက။ ဒီလက်ကလေး လွတ်ထွက်မသွားအောင် ကျနော် ဆုပ်ကိုင်ပါ့မယ်။

စစ်ငြိမ်း

(၇-၉-၂၀၂၀)

✳✳✳✳✳

မသေပါနဲ့ မနှင်းဆီ

ဒါနဲ့ ခင်ဗျားကို ကျနော်ပြောပြဦးမယ် ...။ လူတွေက ဘယ်လောက်သေချင်တယ်ပြောပြော တကယ်သေကြောင်းကြံကြပြီး တကယ်လည်း သေခါနီးပြီဆိုရော တကယ်မသေချင်တဲ့စိတ်ကလေး ပေါ်လာတတ်ကြတာပဲ သိလား။ အဲ့အချိန်ကျ သူတို့ တကယ်မသေအောင် ကြိုးစားကြတယ်။ ဒါကြောင့် ... သေကြောင်းကြံတဲ့လူတိုင်း မသေကြတာပေါ့ဗျာ ...။

ကျနော် အဲ့ဒီအမျိုးသမီးပြောတဲ့ စကားတချို့ကို အကြာကြီး ငြိမ်ငြိမ်လေး ထိုင်နားထောင်နေရင်း ဖြတ်ပြောမိတာ။ သူက သူ့စကားကို ဖြတ်ပြော လိုက်လို့ အံ့သြသွားသယောင်ဖြစ်သွားပေမယ့် ကျနော်ပြောတာကိုတော့ သေချာနားထောင်နေတာ တွေ့ရတယ်။

ခင်ဗျားအနေနဲ့ ပါရာစီတမော အလုံး ၅၀ လောက်သောက်ရင် သေမှာပဲ ...။ ကျနော်ထင်တာ ပြောတာနော် ... ကျနော်လည်း ဆရာဝန်မဟုတ်တော့ သေချာမသိဘူး။ ခင်ဗျားအသည်းက ကောင်းနေရင်တော့ ပဓာဏများများ ပိုလိုမှာပေါ့ ...။ ဒါမှမဟုတ် ပိုနည်းနည်းနဲ့ ရရင်ရမှာပေါ့။ အဓိက,ကတော့ ခင်ဗျား တကယ်သေချင်ရင် ...။ အင်း ... ပြောပြမယ်ဗျာ။ လက်ကောက်ဝတ်

ကို ဓားနဲ့လှီးတာမျိုးတော့ မလုပ်နဲ့ ...။ အဲ့ကိစ္စက မအောင်မြင်တာ များတယ်...။ တကယ်တော့ အဲ့ကိစ္စက ကိုယ့်ကိုယ်ကိုယ် ဒဏ်ပေးတဲ့ သဘောနဲ့ နာကျင်အောင်လုပ်တဲ့လူတွေပဲ လုပ်တာ ..။ တကယ် မသေကြ တာ များတယ် ...။ နာကျင်မှုနဲ့ ထွက်ပေါက်ရှာတဲ့ သဘောလောက်ပဲဗျာ သိလား ...။

ခင်ဗျား လက်ကောက်ဝတ်ကို ဓားနဲ့လှီးပြီးရင် သွေးတွေ တော်တော်လေး ထွက်လာလိမ့်မယ် ..။ ပထမဆုံး ခင်ဗျားမျှော်လင့်ထားသလို နာကျင်တာမျိုး မဟုတ်ဘဲ ပူခနဲတစ်ချက်ပဲ ဖြစ်သွားမယ် ...။ စက္ကန့်ပိုင်းအတွင်းမှာပဲ ရေပိုက် တစ်ခုပေါက်သွားသလို ခင်ဗျားသွေးတွေရဲ့ စီးဆင်းမှုက ခင်ဗျားကို စိတ်အနှောင့်အယှက် ဖြစ်လာမယ် ...။ တကယ့် သွေးထွက်သံယိုဖြစ်မှုရဲ့ မြင်ကွင်းက visual ပိုင်းအရ ခင်ဗျားကို လာနှောင့်ယှက်မယ် ..။ ခင်ဗျား... အဲ့ဒီပုံစံနဲ့ ကိုယ့်ကိုယ်ကိုယ်မြင်ရရင် ကျေနပ်မယ်လို့ တွေးထားပေမယ့် တကယ်တမ်းကျ အဲ့ဒါက အော့နလုံးနာစရာ ဖြစ်ချင်ဖြစ်လာလိမ့်မယ် ...။

စောစောက ပူခနဲဖြစ်သွားတဲ့နေရာက စပ်ဖျင်းဖျင်းဖြစ်လာမယ် ...။ ခင်ဗျား ခေါင်းတွေမူးလာမယ် ...။ တကယ်သေသွားနိုင်တဲ့ ကိစ္စတစ်ခု လုပ်မိပြီ ဆိုတာ သိလာမယ် ...။ သေခြင်းတရားက ခင်ဗျားကို သူ့အစွယ်တွေ လာဖြဲ ပြမယ်။ ခင်ဗျား ... တစ်ယောက်ယောက်ကို သတိတရဖြစ်လာမယ်။ အဲ့ဒီလူနဲ့ ကိစ္စတစ်ခုခု၊ အကြောင်းအရာတစ်ခုခုကို အကျေအလည် ပြောချင်လာမယ်။ ငါ့ကျမှ ... ဒီလိုဖြစ်ရလား ... လို့ တွေးမိလာမယ်။ ကျနော့်စိတ်ထင် ... မသေလောက်ဘူးဗျ။ သိလား ...။ အဲ့နည်းလမ်းက မမိုက်ဘူး .။ မလုပ်နဲ့ ...။

အမျိုးသမီးက ယောက်လက်စ အရက်ခွက်ကို စားပွဲပေါ်ချလိုက်တယ်။ စီးကရက်တစ်လိပ် မီးညှိတယ်။ ခပ်တိုးတိုး မခိုးမခန့် ရယ်တယ်။

နောက်တစ်ကြိမ် ခပ်ဟဟ ထပ်ရယ်ပြီးနောက် ကျနော့်ဖက်ကို ခေါင်းစောင်းပြီး ကြည့်တယ်။ ပြီးတော့ ... "ဟုတ်တာပေါ့ရှင် ..." တဲ့။ သူပြောတယ်။ ပြီးတော့ စီးကရက်ကို သူ့ညာဖက်လက်မှာကိုင်ထားရင်း... ခေါင်းကိုမော့လို့ အသံထွက်ပြီး ရယ်တယ်။

နောက်ပြီး သူရယ်နေရာကနေ အသံတိတ်သွားတယ်။ ကျနော့်ပုံကလည်း သက်သောင့်သက်သာပါပဲ။ ကျနော့်ခွက် ကုန်နေလို့ သူ့သောက်လက်စကိုပဲ ယူပြီး ကုန်အောင်မော့လိုက်တယ်။ မီးသတ်ထားတဲ့ စီးကရက်အတိုကို မီးပြန်ညှိလိုက်တယ်။ တကယ်တော့ ကျနော် ပြောစရာတွေ ရှိသေးတယ်ဗျ။ နည်းနည်းပေါ့ ...။

ဒါပေမယ့် သူကပဲ ဆက်ပြောတယ်။

အကို … ကျနော်တို့ သာမာန် သူလိုကိုယ်လို ရည်းစားထားကြသလိုပဲ တွဲလို့ ရမလား …။ အစုဆို ကျနော်တို့ အရက်သောက်တယ် ..။ အတူအိပ်တယ် …။ သေခြင်းတရားရယ်၊ လူ့အသိုင်းအဝိုင်းကိုမုန်းတဲ့ အကြောင်းတွေရယ် ပြောကြတယ်။ အမှောင်ထဲ အဝေးကြီးတွေ ဆိုင်ကယ်မောင်းပြီး လျှောက် သွားတယ်။ အိပ်ရေးမဝလို့ ညှိုးမည်းနေတဲ့မျက်ကွင်းတွေနဲ့ နောက်တစ်နေ့မှာ ထပ်တွေ့ပြီး ခဏခဏ အတူထပ်နေကြတယ် …။ ပြီးရင် ကျနော်တို့က အဖော်မရှိတဲ့ သီးခြားလူလေးတွေ ထပ်ဖြစ်သွားကြပြန်ရော …။ လွန်ခဲ့တဲ့ နာရီပိုင်းက အကိုနဲ့အတူအိပ်နေခဲ့ပြီး နောက် ခဏလည်းနေရော ကျနော် နိုးလာတော့ ကျနော်က တစ်ယောက်တည်းလေး …။ တစ်ယောက်တည်း တစ်ရေးနိုးလာတဲ့ညတွေဆို ကျနော် ကြောက်တယ်။ ကျနော်က တစ်ယောက်တည်း ဖြစ်နေရတာကိုလည်း ကြောက်သလို … အကို့ကိုလည်း ကြောက် တယ်။ ငယ်ငယ်က ကျောင်းမှာ ဆရာတစ်ယောက်ရှေ့ရောက်နေသလို ကြောက်တာ …။ အကိုနဲ့တွေ့တိုင်း နွေးထွေးပေမယ့် အကိုနဲ့ တစ်သက်လုံး အတူမနေချင်တာကလည်း ကျနော့်စိတ်ရောဂါပဲ ဖြစ်လိမ့်မယ်။

သူကတော့ သူ့အကျင့်အတိုင်း စကားတွေ အရှည်ကြီးပြောနေတယ်။ ဒါပေမယ့် မရတော့ဘူးဗျ ကျနော် သူ့စကားကို ဖြတ်ပြောမှရတော့မယ်။ သေတော့မယ်လို့ တွေးထားတဲ့လူတစ်ယောက် နောက်ဆုံးဖုန်းခေါ်ထားတဲ့ လူက ကျနော်မဖြစ်ချင်ဘူးလေ။ ကျနော်လည်း သူပြောသလို သာမာန် နေ့စဉ်ဘဝထဲ ဒီအတိုင်းလေးပဲဖြတ်သန်းသွားချင်ပါတယ်။ သတိရရင် ဖုန်းခေါ်မယ်။ "ကိုယ်အရမ်းလွမ်းနေလို့ မင်းဓာတ်ပုံလေးပို့ပေးပါဦး …" လို့ ဆိုရှယ်နက်ဝက်ပေါ်ကနေ လှမ်းပြောမယ်။ အရက်လေးများမူးနေရင် voice mail နဲ့ သူချစ်တဲ့ ကိုကျားရဲ့သီချင်းလေး ဆိုပြ။ "လောကကြီးနဲ့ စိတ်ကောက်နေသူလေးရေ .. ပျော် ပါ စေ … အေ အေ အေ " ပေါ့။ ဒီလို သူ့ကို ချော့ချင်ပါတယ်။ တကယ်လို့များ ကျနော်တို့ သေဖို့ပဲတွေးမနေကြတဲ့ နေ့ရက်တွေမယ်ဆိုရင်ပေါ့။

တကယ်တော့ သူက လိမ်နေတာဗျ သိလား။ သူမေးတယ် …။ သာမာန် လူလေးတွေ ရည်းစားထားကြသလို တွဲကြမလား … တဲ့။ တကယ်တမ်း သူက အရှိန်ပြင်းပြင်းမောင်းလာပြီး တွေ့ကရာသစ်ပင်ကို ဝင်တိုက်ပစ်မယ့် ကားပဲ။ သူသေကိုယ်သေလေ။ အသေနော်။ ဆ်ကိစ္စက။ တိုက်မိရင် သေမှာ။ သိထား ရမှာတစ်ခု။ အဲ့ဒီသစ်ပင်က ကျနော်ပဲ။

ပထမတော့ အကြာကြီး ငြိမ်နေမိကြသေးတာ။ နောက်တော့ သူရော ကျနော်ရော အရက်တစ်ခွက်ဆီ ထပ်ငှဲ့ပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်...။

ရယ်ဖြစ်ကြတယ်။ စီးကရက်တွေသောက်ရင်း မီးခိုးငွေ့တွေနဲ့ တစ်ယောက်မျက်နှာကိုတစ်ယောက် မှုတ်ဖြစ်တယ်။ ခင်ဗျား ခံစားမိလား။ ကျနော်တို့က အလျော်အစားကြီးတဲ့ ကစားဝိုင်းတစ်ခုဗျ။ တစ်ယောက်ဆီတစ်ယောက် စွတ်စက်ပြီးဝင်လာဖို့ အလှူအိမ်မှ မဟုတ်တာလေ။ အဲ့လောက် မလွယ်ဘူး။

တကယ်သေချင်ရင်တော့ ကြိုးဆွဲချတာ အကောင်းဆုံးပဲ ... အဲ့ဒါ အောင်မြင်ဖို့ များတယ်။ ကျနော် အဲ့လိုပြောလိုက်တော့ သူက တော်ပါတော့ အကိုရယ်တဲ့

ဒါ ... ကျနော်ပေးထားတဲ့ ခေါင်းစဉ်ပေ့ါလေ။

မသေပါနဲ့မနှင်းဆီ။

(၁၀-၃-၂၀၂၀)

*****

ရေတွေ စီးနေတယ် မနှင်းဆီ။

ဧရာဝတီ မြစ်ထဲမှာ ရေတွေစီးနေတယ်။

နောက်ဆို တံတားတစ်စင်းကိုမရွေးပါနဲ့။

မသေပါနဲ့ မနှင်းဆီ - ၂

သူက ပြောတယ်။ သူတကယ်တမ်း ရွေးဖြစ်ခဲ့တာက တံတားတစ်စင်း … တဲ့။

သူ အမြင့်ကြီးကနေ ထိုးကျပြီး အေးသွားမယ်လို့ ထင်လို့နေမှာပေါ့။

အရမ်းပြင်းထန်တဲ့ နာကျင်မှုတစ်ခုက လူကိုသက်ရောက်လိုက်ရင် စိတ်အထိအခိုက်တွေ သက်သာသွားမယ်ထင်လို့နေမှာပေါ့။ ဒါပေမယ့် ကျနော်တို့ တွေးထားရမှာ မြစ်တစ်စင်းရဲ့အကြောင်းပဲ။ ရေတွေကတော့ အမြဲလို စီးဆင်းနေမှာလေ။ ဒါကို သူလည်း သိမှာ။ ကျနော်တွေးနေမိတာက ကျနော်လည်း သိတဲ့ အမြဲစီးဆင်းနေသော ရေတွေရဲ့အကြောင်း။ ပြောပါဦးမယ်။ မ မသေပါနဲ့လား မနှင်းဆီ။

ရှင် အများကြီးသောက်မနေနဲ့နော် … တကယ့်သေခြင်းက အဖိုးတန်ပါတယ် အသည်းတွေကွဲ … အရက်တွေသောက်ပြီး သေရရင်တော့ မမိုက်ပါဘူး … တဲ့။ သူက ပြောတယ်။

အေးပေါ့ … စစ်ကိုင်းတံတားပေါ်က ခုန်ချရတာလောက်တော့ ဘယ်လှမလဲ လို့ ကျနော် ပြန်ပြောဖြစ်တယ်။ ညဦးပိုင်းကတည်းက သူနဲ့ကျနော် သီချင်းအဟောင်းတွေအကြောင်း ပြောဖြစ်နေခဲ့ကြတာ။ ခေတ်အဆက်ဆက်ရဲ့မခင်နှင်းဆီတွေအကြောင်းပေါ့ဗျာ။ သူ့ခေတ်နဲ့သူ မခင်နှင်းဆီတွေက တော့ ရှိခဲ့ကြတာပဲလေ။ တချို့ခေတ်ရဲ့ မခင်နှင်းဆီတွေက လှလိမ့်မယ်။ တချို့ခေတ်ရဲ့ မခင်နှင်းဆီတွေက ဆူးနဲ့အဆိပ် ရှိလိမ့်မယ်။ ကျနော့်ခေတ်ရဲ့ မနှင်းဆီကရော ဘယ်လိုတဲ့လဲ။

မနေ့ညက တစ်ညလုံး မခင်နှင်းဆီရာဇဝင်နောက်ကို လိုက်နေတဲ့အကြောင်း မနှင်းဆီကို ပြောပြဖြစ်တယ်။ ခင်မောင်တိုး၊ လွှမ်းမိုး၊ သန်းဇေလေးမှသည်

"ဟိုအကိုကြီးရဲ့မခင်နှင်းဆီ" သို့ တကယ်တော့လေ ကိုမြကြီးရဲ့ "မခင်နှင်းဆီ သို့ ပေးစာ ." ကပဲ မူရင်းဆိုပါစို့။ ဒီလို ပြောပြဖြစ်တာ။ မနှင်းဆီလည်း မခင်နှင်းဆီအကြောင်း သိချင်မှာပဲမဟုတ်လား။

မနှင်းဆီသိလား။ ပြောပြရဦးမယ်။ တကယ်တော့လေ ရှေ့မျိုးဆက်မယ် ပေါက်ခဲ့တဲ့ သီချင်းလေးတစ်ပုဒ်ပေါ့။ ကိုမြကြီးရဲ့ "မခင်နှင်းဆီသို့ ပေးစာ ..." ဆိုတဲ့ သီချင်းအကြောင်းကို ဆရာကိုလေးလွင်က ရေးလိုက်တော့ "ဟို အစ်ကိုကြီးရဲ့ မခင်နှင်းဆီ" ဖြစ်သွားတယ်ပေါ့။ နောက် သန်းဇေလေးက ဆိုပြရင်း အဲ့ဒီသီချင်းထဲမယ် ထည့်ပြောတဲ့သဘောပဲနော်။ တကယ်တော့ လေ။ သိလား ..။ story telling ပါပဲဗျာ။ ကိုလေးလွင်ရဲ့ မခင်နှင်းဆီလို့ ပြောရင် ပိုတောင်သင့်တော်ဦးမယ်။ သူချစ်တဲ့ မခင်နှင်းဆီကို "ဟေ့ ဒီသီချင်းလေးကတော့ မင်းနဲ့ အရမ်း match ဖြစ်တာပဲကွာ ... ငါတို့မြို့မှာ ဒီသီချင်းလေးက ခေတ်အစားဆုံးဖြစ်ပြီး မင်းကလည်း အလှဆုံး မိန်းကလေး ပါပဲကွာ ... မခင်နှင်းဆီရာ ..." ပေါ့။ သူ ဒီလိုပိုးမှာပေါ့လေ။ သိလား ...။

ကျနော့်ရဲ့ မနှင်းဆီကရောဗျာ။ ဒီဇက်ခေတ်ရဲ့ မခင်နှင်းဆီကရောဗျာ။ သေဖို့တစ်ခုပဲ ဘဝမယ်လုပ်စရာရှိတာလား ...။ ကျနော် မသိလို့ မေးကြည့် တာပါ။ မသေပါနဲ့လား မနှင်းဆီ။ ကျနော်ရေးတဲ့စာတွေ အရင်ကထက် ပိုခွေးထွေးလာတာကိုရော ခံစားလို့ရလား။ ခင်ဗျားပြောသလို တကယ့် သေခြင်းတရားက အဖိုးတန်ပါတယ်ဗျ။ မသေပါနဲ့ဦး မနှင်းဆီ။

အခုဆို ရေတွေစီးနေတယ် မနှင်းဆီ။ ခင်ဗျားခုန်ချသွားတဲ့အချိန် ရေပြင် ပေါ်မယ် ဂယက်တွေထသွားလည်း ခဏနေရင် သူတို့က ပျောက်ကွယ်သွား ကြမှာ။ ပြီးရင် ခင်ဗျားပြုတ်ကျလာခဲ့ဖူးတယ်ဆိုတဲ့ အကြောင်းကိုပါ မေ့ပစ်ပြီး သူတို့ ဆက်လက်စီးဆင်းသွားကြမှာ။ ရေတွေစီးနေတယ် မနှင်းဆီ။ ဧရာဝတီ မြစ်ထဲမှာ ရေတွေစီးနေတယ်။ နောက်ဆို တံတားတစ်စင်းကို မရွေးပါနဲ့။

ကိုမြကြီးရဲ့ မခင်နှင်းဆီမယ် ...

"စာခင်ဗျာ ... စာ...စာ...။

ဟုတ်ကဲ့... ကျေးဇူးတင်ပါတယ်ရှင်။

ဟင် ... မစင်နှင်းဆီသို့ ပေးစာဆိုပါလား။"

သီချင်းလေးကဆက်ပြောတာ "သို့ ... မစင်နှင်းဆီ၊ သာယာချမ်းမြေ့စေကြောင်း ... တောင်းဆုပြုပါသည် ..." တဲ့။ "မစင်နှင်းဆီတစ်ယောက် " မင်းရဲ့ဘဝအတွက် ဖြောင့်ဖြောင့်ကြီး မှတ်ထင်နေခဲ့သည် ..." တဲ့။ "စခန်းတုံတစ်လျှောက် ... ဩော် ... ပန်းဝှဏ်မောက်ပါလို့ ..." တဲ့။ "အလှအတွက် မော်ကာထည်ဝါလာခဲ့သည်" တဲ့။

ဩော် ... ရှေးတုန်းကသီချင်းလေးပါပဲ မနှင်းဆီ။ ဆိုရရင် ရှေးရှေးတုန်းကတည်းက ခေတ်အဆက်ဆက် အနုပညာရှင်တွေဟာ မစင်နှင်းဆီအတွက် စိတ်ပူနေခဲ့ရတာပဲ။ ဒီလိုဆို မစင်နှင်းဆီဟာ ခေတ်အဆက်ဆက် အန္တရာယ်ကြီးနေခဲ့တာပဲ ဖြစ်ရမယ်။ ဒီနေ့ခေတ်မှာလည်း သေချင်နေတုန်းပဲလား။ မသေပါနဲ့ မနှင်းဆီ။

တကယ်တော့လေ မနေ့ညက သူ့ဘဝကို သေချာ သွားစပ်စုနေခဲ့မိတာ။ သူဘယ်လောက် အထီးကျန်ခဲ့ရတယ်၊ ဘယ်လောက်ထိ ပြန်လည်ရုန်းထခဲ့ရတယ်ဆိုတာတွေ သိခဲ့ရတယ်။ မသိချင်ပေမယ့်လေ။ သူ ဒဏ်ရာတစ်ခါ ရတိုင်းအဲ့ဒဏ်ရာရဲ့ နေ့စွဲကိုကြည့်ပြီး အဲ့ဒီနေ့မှာ ကိုယ်ဘာလုပ်နေခဲ့မိလဲလို့ တွေးမိတယ်။ မနှင်းဆီဟာ ဒါကြောင့်ပဲ မနှင်းဆီဖြစ်ခဲ့ရ၊ မနှင်းဆီဟာ မနှင်းဆီမို့ အမှောင်ထဲမှာလည်း လှခဲ့ရ၊ မနှင်းဆီဟာ မနှင်းဆီမို့ အဆိပ်တွေ ရှိခဲ့ရ၊ မနှင်းဆီဟာ မနှင်းဆီမို့ ကျနော့်ကို ထိုးဖောက်ခဲ့ရ၊ မနှင်းဆီဟာ မနှင်းဆီပဲမို့ သေမလိုဖြစ်ခဲ့ရ၊ ဟိုတလောလေးကတင် မနှင်းဆီဟာ မနှင်းဆီမို့ သေပေးဖို့အထိ လိုအပ်ခဲ့ရ၊ မနှင်းဆီကို လူတွေက ခူးဆွတ်စားသုံးချင်ခဲ့ကြ၊ မနှင်းဆီရေ။

ဒါပေမယ့် မနှင်းဆီဟာ မနှင်းဆီပဲမို့ ကျနော့်ဇက်ကတော့ မသေစေချင်ခဲ့။

မသေပါနဲ့မနှင်းဆီ။

မသေပါနဲ့မနှင်းဆီ။

မနှင်းဆီ မသေပါနဲ့လား။

တကယ်ပြောတာ ကျနော် မနှင်းဆီကို မသေစေချင်သေးပါဘူး။ အခုများမယ်

ကျနော် ရှုးသွပ်ပူပန်နေရတယ်လေ။

ပြောဦးမယ်။ အခုဆို ရေတွေစီးနေတယ် မနှင်းဆီ။ ခင်ဗျားခုန်ချသွားတဲ့အချိန် ရေပြင်ပေါ်မယ် ဂယက်တွေထသွားလည်း ခဏနေရင် သူတို့က ပျောက်ကွယ်သွားကြမှာ။ ပြီးရင် ခင်ဗျား ပြုတ်ကျလာခဲ့ဖူးတယ်ဆိုတဲ့ အကြောင်းကိုပါ မေ့ပစ်ပြီး သူတို့ ဆက်လက်စီးဆင်းသွားကြမှာ။

ရေတွေစီးနေတယ် မနှင်းဆီ။

ဧရာဝတီမြစ်ထဲမှာ ရေတွေစီးနေတယ်။

နောက်ဆို တံတားတစ်စင်းကို မရွေးပါနဲ့။

(၂၇-၃-၂၀၂၀)

✳✳✳✳✳

ကျနော် တအားညည်းငွေ့နေပြီ မနှင်းဆီ

အခုဆို ကျနော်တို့ချစ်ရတဲ့လူတွေနဲ့ မတွေ့ရတော့ဘူးလေ။ ကျနော်တို့ချစ်တဲ့ ဆိုင်လေးတွေမှာလည်း မထိုင်ရတော့ဘူး။ ပြီးတော့ ကျနော်တို့ချစ်ရတဲ့ လမ်းတွေ။ ကျနော်တို့ချစ်ရတဲ့ မြို့တွေနဲ့ ကျနော်တို့ချစ်တဲ့ ခရီးတွေ။ ဒါပဲလား ဆိုတော့ နောက် ကျနော်တို့ချစ်တဲ့ ပန်းတွေ။ ပထမတော့ သီချင်းလေးတွေနဲ့ လည်း ကျနော် နေထိုင်ကြည့်ပါသေးတယ်။ ဒါပေမယ့် မရဘူးဗျာ သိလား။ ကျနော် … တအားညည်းငွေ့နေပြီ။

ဒီနေ့ဆို ကိုကရားရဲ့ "ငြိမ်းရေ … ဒီခြောက်သွေ့မှုကြီးကို ငါမခံနိုင်တော့ဘူးဟာ" ဆိုတဲ့ သီချင်းစာသားကိုပဲ တဖွဖွဆိုနေမိတာ။ စာအုပ်တွေငှားပြီး ခုခံနေရတယ်။ ကျနော် ပိုးဇာရဲ့ကာတွန်းစာအုပ်ကိုပဲ ဖတ်နိုင်တယ်သိလား။ နောက်ထပ် ဘယ်လို လေးလံနက်နဲမှုမျိုးကိုမှ ထပ်မခံနိုင်တော့လို့ ဆရာ ချစ်ဦးညိုရဲ့ "နေမင်းလမင်း သိန်းရာထောင်" ကို မဖတ်နိုင်သေးဘူး။ ကျနော် လူတွေကို လွမ်းနေပြီဗျာ။ ပြီးတော့ ခင်ဗျားကိုရောပေါ့။

ကျနော် တအားညည်းငွေ့နေပြီ မနှင်းဆီ။ ရာဇဝင်ထဲက ရှေးဟောင်း မြို့တစ်မြို့ဆီသွားပြီး ပန်းချီကားတွေကြည့်ဖို့ ကျနော်တို့တွေးခဲ့ကြတယ် မဟုတ်လား။ မေးချင်တာက ခင်ဗျားထွက်တဲ့ခရီးမယ် ကျနော်ပါဖို့ သေချာ ရဲ့လား။ ကျနော်တို့ပြေးတဲ့လမ်းတွေမယ် ကျနော်တို့ချစ်တဲ့လူတွေပါဖို့ သေချာရဲ့လား။ ကျနော်တို့က မသေချာခြင်းကို ရင်ဆိုင်နေရပြီထင်တာပဲ မနှင်းဆီ။ အဲ့ဒီ မသေချာခြင်းကြီး ဘယ်လောက်ရှည်ကြာမယ်၊ သူ ကျနော်တို့ ပခုံးကို ဘယ်လောက်ကြာကြာ ကိုက်ခဲထားမယ်ဆိုတာပဲ ကျနော်တို့ မသိရတာ။

အခုဆို ကျနော် တအားညည်းငွေ့နေပြီလေ မနှင်းဆီရယ်။ မေမြို့မှာပွင့်တဲ့

ပန်းတွေဆီလည်း ကျနော်တို့မသွားရတော့ဘူး။ စိန်ပန်းတွေ ခရမ်းရောင် ဖြစ်တဲ့အခါ ဝေးခဲ့ပြီ ပန်းခရမ်းပြာရေ လို့လည်း ကျနော်တို့တွေ ပြောခွင့်မရှိတော့ဘူး။ အဲ့ဒီမြို့မှာ မြေကပ်ပန်းတွေပွင့်တော့ ခင်ဗျားချစ်သော တောပန်း ကလေးတွေလေ။ ခင်ဗျားချစ်သော တောပန်းကလေးတွေ။ ခင်ဗျားချစ်သော ကဗျာစာအုပ်လေးအကြောင်း ကျနော်တို့ ဘယ်လိုများ ပြောကြရတော့မလဲ။ ကျနော်တော့ ညည်းငွေ့နေပါပြီ မနှင်းဆီ။ ခင်ဗျားရော အခုတလော သေဖို့ တွေးမိသေးလား။

မသေပါနဲ့လား မနှင်းဆီ။ အခုဆို သေဖို့အကြောင်းတောင် ပြောဖို့ ပျင်းနေ တာ။ ပျင်းစရာကြီး မနှင်းဆီရယ် ... အရေးမပါတဲ့အကြောင်းတွေ ပြောရတာ ငြီးငွေ့တယ်။ အင်ဂျင်ပါဝါပြင်းပြင်း ဆိုင်ကယ်ကြီးကို မောင်းပြီး ကျနော့် ဘယ်ဇက်ခြေဖမိုးတွေ အရေပြားလန်တဲ့အထိ လမ်းမကို ဂီယာထိုးရင်း ခရီး ထွက်ကြမယ်။ မနက်ဖြန်ဆိုတာ နောက်တစ်ခါ ထပ်ရဦးမယ်လို့ ယုံကြည်ကြ မယ်။ ကျနော်တို့မပျော်ရရင် ရောက်ရာအရပ်ကနေ နောက်ပြန်လှည့်ကြမယ် လေ။ အဓိကက မနှင်းဆီ မသေဖို့ပါပဲ။ ပျင်းတယ်ဗျာ။ တချို့လူတွေတအားကြွယ်ဝတဲ့ပုံခင်းနေတာ ကျနော် ကြည့်နေရတာလည်း ပျင်းတယ်။ ကျနော်တော့ ညည်းငွေ့နေပြီဗျ။

အခုဆို ကျနော်တို့က အသံနဲ့ပဲကြားရတော့တာ မနှင်းဆီ။ အသံတွေကြားရတာ ကောင်းတယ်လို့ ထင်ခဲ့ပေမယ့် မပြောတဲ့အသံထွေပါ ကျနော့်ကို ဝင်ဝင် ဆောင့်နေတာတော့ ကျနော်မပျော်ဘူး။ သာယာချမ်းမြေ့ပါစေ မနှင်းဆီ။ ချစ်သောတေးလေးတစ်ပုဒ်လိုပဲ မနှင်းဆီအနား ပျံဝဲလာချင်ခဲ့တာ။ အခုက လေထုထဲမှာ အမှုန်တွေ။

ကျနော်သာ ရေဒီယိုတစ်လုံးဆို စစ်ပွဲသတင်းတွေလည်း မကြေညာချင်တော့ပါဘူး မနှင်းဆီ။ အဲ့ဒါ ကျနော့်ရဲ့ အရင်ဘဝဆိုပေမယ့် အခုတော့ တိတ်တိတ်လေးပဲ အိပ်နေချင်တော့တယ်။ မနှင်းဆီ ကြည်လင်ချမ်းမြပါစေကြောင်းပဲ ဆုထိုင်တောင်းမယ်။ ပြီးတော့ ပျင်းစရာနစ်ကာလတွေကို ရှောင်ရှားဖို့ ဟောဒီ ငြီးငွေ့မှုကို တော်လှန်ရမယ်မဟုတ်လား။

မိုးတွေအကြာကြီးရွာပြီးတဲ့ နေ့တစ်နေ့ကိုရောက်ရင် မနှင်းဆီနဲ့ကျနော် မြက်ခင်းပေါ်အိပ်ပြီး ကောင်းကင်ကြီးကို အတူတူ ကြည့်ကြမယ်။ "အတူတူ" ဆိုတဲ့စာသားက ကျနော်အခုပဲ ဒီစာကိုပြန်ဖတ်ကြည့်ရင်း ဖြည့်ထားတာ။ ကျနော်ကလေ

"အတူတူ .." ဆိုတဲ့ အသုံးအနှုန်းကိုတောင် မေ့နေခဲ့ရပြီပဲ။

ကျနော်တို့မျက်လုံးတွေရဲ့ မြင်နိုင်စွမ်းအဆုံးထိ ဘာအတားအဆီးမှမရှိတဲ့ လွတ်လပ်မှုကို ခံစားမယ်။ ဖြစ်နိုင်ရင် တိမ်တွေနဲ့တောင် ကွယ်မနေစေချင် ဘူးလေ။ ကျနော်တို့မြင်ကွင်း ဘယ်မှာဆုံးမလဲ။ မနှင်းဆီ ဖြေကြည့်ပါလား။ ကြယ်တွေဆီမှာ … လို့ ဆိုရင်တောင် ဟင့်အင်း .. လို့ ငြင်းမိမှာပါ။ ကျနော်က အနန္တအတားအဆီးမဲ့ခြင်းကို ဆာလောင်နေတာလေ။ ဖြစ်နိုင်ရင်။ ဖြစ်နိုင်ရင်ပေါ့ မနှင်းဆီရယ်။ အဝေးဆုံးတွေကို အတူကြည့်ကြမယ်။

မနှင်းဆီစဉ်းစားကြည့်၊ အပင်ပေါက်ရမှာ ပျင်းနေတဲ့ သစ်စေ့တစ်စေ့ရှိတယ် ဆိုပါစို့။ ကျနော် ရေလောင်းပေးသင့်တယ် ထင်တာပဲလေ။

ရှင်သန်ပေးပါဦး မနှင်းဆီ။

အခုလိုအခြေအနေကြီးကို ကျနော်တော့ တော်တော်ငြီးငွေ့နေပြီ။ ချစ်တဲ့ သူတွေဆိုတာ မကြာမကြာတွေ့ရဖို့ ထိုက်တန်တယ်မဟုတ်လားဗျာ။

(၃၀-၃-၂၀၂၀)

✳✳✳✳✳

မသေပါနဲ့ မနှင်းဆီ - ၃

တကယ်တော့ လူ့ဘဝက ရုပ်ရှင်တစ်ကားပါပဲ မနှင်းဆီ။ ကျနော်တို့ မွေးဖွားရာကနေ သေသည်အထိမယ် timeline တစ်ခုစီရှိကြတယ်။ ကျနော်က ဇာတ်ညွှန်းတွေလည်းရေးတော့ နည်းနည်း ပြောပြဦးမယ်။ရုပ်ရှင်တစ်ကား မယ် ကျနော်ပြောပြချင်နေတဲ့ ဇာတ်ကောင်တွေရှိမယ်ဗျာ။ ပြီးတော့ အဲ့ဒီ ဇာတ်ကောင်တွေပါဝင်နေတဲ့ story တွေရှိမယ်။ ဒါပေမယ့် အဲ့ဒီဇာတ်ကောင် တွေနဲ့ သူတို့ပါဝင်နေတဲ့ ပုံပြင်တွေအကြောင်း သူတို့မွေးဖွားလာရာကနေ သေသည်အထိတော့ ရုပ်ရှင်ထဲမယ် ကျနော်ပြောပြလို့ မဖြစ်ဘူးမဟုတ်လား။

လူ့ဘဝဟာလည်း ရုပ်ရှင်ဇာတ်ညွှန်းလို timeline အတိအကျရှိပါတယ် မနှင်းဆီ။ ပြီးတော့ လူတစ်ယောက်ရဲ့ timeline နဲ့ နောက်လူတစ်ယောက်ရဲ့ timeline ဟာ အစအဆုံးတော့ ထပ်တူကျမနေဘူးဆိုတာလည်း သေချာ တယ်။ ကျနော်တို့က ကျနော်တို့ရဲ့ဘဝ timeline တွေခြင်း ထပ်မိ ဟပ်မိတဲ့ အခိုက်အတန့်လေးတစ်ခုစာပဲ တွေ့ကြရတာပါ။ တကယ်တော့လေ။

အဲ့ဒီအခိုက်အတန့်က ဘယ်လောက်ကြာကြာဆိုတာလည်း ကျနော်တို့ မသိနိုင်ဘူး။ တစ်နာရီစာလောက်ပဲလည်း ဖြစ်နိုင်တယ်။ တစ်ရက်တည်း လည်း ဖြစ်နိုင်တယ်။ ၃/၄နှစ်လည်း ဖြစ်နိုင်သလို အနှစ်၂၀-၃၀လည်း ဖြစ်နိုင် တယ် မနှင်းဆီ။ ထပ်မိသလောက် ဟပ်မိသလောက်ပဲလေ သိလား ...။ အဲ့လောက်ပဲ ကျနော်တို့က အတူရှိရမှာ။ ဘယ်သူက အတိအကျသိနိုင်မှာ တဲ့လဲ။

သေတဲ့အထိလည်း နှစ်ပေါင်းများစွာ အတူဆက်ရှိသွားနိုင်တယ်။ မနက်ဖြန် ကစပြီး ကျနော်တို့ စကားမပြောကြတော့တာလည်း ဖြစ်နိုင်တယ်။ ဘယ်သူက သိမှာတဲ့လဲ။

ပြောချင်တာက ကျနော်တို့ ဆုံကြတုန်းမယ်ပေါ့။ ကျနော်တို့ရဲ့timeline တွေ ထပ်မိ ဟပ်မိနေတုန်းမယ်ပေါ့။ ချစ်မိတယ်မဟုတ်လား။ အေး ချစ်နေ လိုက်ပေါ့ မနှင်းဆီရာ။ ဒါ ခင်ဗျားနဲ့ ကျနော် ပြောနေကျ လေယူလေသိမ်း လေးတစ်ခုပေါ့။

အေး ချစ်နေလိုက် ...။ မသေပဲ နေနေလိုက် ...။ စိတ်ညစ်လည်း တံတားပေါ်က ခုန်မချပဲ နေနေလိုက် ...။ ရန်တွေဖြစ်ပြီး နောက်မနက်ကျ ရန်ဖြစ်ခဲ့ရတဲ့ အကြောင်းတွေ မေ့ထားနေနေလိုက် ...။ မခေါ်ကြတာမေ့ပြီး သူ့ကို ဟင်းလေး တွေချက်ကျွေးမယ်လို့ တွေးနေလိုက် ...။ မျက်စိနှစ်လုံးပွင့်တာနဲ့ နိုးထပြီဆိုတဲ့ အကြောင်း လှမ်းပြောဖို့ သတိရနေလိုက် ...။ အဲ့လိုပါ မနှင်းဆီ၊ အဲ့လိုပါ။ ချစ်နေလိုက်။ နေနေလိုက်။ မသေနေလိုက်။ ရှင်နေလိုက်။

မသေပါနဲ့ မနှင်းဆီ။ ဒါ ကျနော်ရွေးချယ်ထားတဲ့ အကြောင်းအရာပေါ့။ ကျနော် စကားတွေ အရှည်ကြီးပြောပြပါဦးမယ်။ ခင်ဗျားလည်း တချို့ညတွေမယ် အထိတ်တလန့်နဲ့ လန့်နိုးလာခဲ့ဖူးမှာပဲ။ ကျနော်လည်း နိုးလာ ခဲ့ဖူးတယ်။ ဘဝမယ် တချို့လူတွေအပေါ်ထားရတဲ့ စံနှုန်းတွေဆိုတာ ရှိတတ်တယ်ဗျ။

အဆုံးရှုံးမခံနိုင်တဲ့လူအပေါ်ဆို ဝေးသွားဖို့မဖြစ်နိုင်ကြောင်း ပြရတယ်။ ဝေးသွားလည်း ပြဿနာ မရှိသလိုလို ရှိသလိုလို မလုပ်ရဘူး။ ကိုယ်တန်ဖိုး ထားရတဲ့လူအပေါ်ဆို သူ့တန်ဖိုးအကြောင်း ပြရတယ်ဗျ။ ပြသလိုလို မပြသလိုလို မလုပ်ရဘူး။ ဒီလိုပဲ ခင်ဗျားချစ်တဲ့ လူတစ်ယောက်အပေါ်ဆိုလည်း သူ့ကိုချစ်တဲ့အကြောင်း ပြောရတယ်ဗျ။ ကျနော့်ကိုတော့ ချစ်သလိုလို မချစ် သလိုလို မလုပ်ပါနဲ့ မနှင်းဆီ။ ကျနော်တော့ ခင်ဗျားကို သိပ်ချစ်တာပဲ။

ဒီနေ့ဆို အိမ်ရှေ့ဝရံတာမှာ တစ်ယောက်တည်းထိုင်နေမိတယ်။ အရင်နေ့ကလည်း တစ်ယောက်တည်းပါပဲ။ အရက်ထိုင်သောက်တယ်။ မီးစွဲနေတဲ့ စီးကရက်ကို ထိုးချေ ငြိမ်းသတ်လိုက်တယ်။ ဒါပေမယ့် လောင်နေတယ် မနှင်းဆီ။ ခေတ်အဆက်ဆက် လောင်နေတယ်ဗျ။ လေထဲမှာလည်း လောင် နေတဲ့ အငွေ့တွေ။ ပြီးတော့ အပူတွေ။ မီးခိုးတွေဟာ သူတို့မရှိတော့တဲ့အခါ ဘယ်ဆီရောက်သွားသလဲလို့ တွေးဖူးတယ်။ ကျနော့်ကိုချစ်ခဲ့ဖူးတဲ့ လူတွေ ကရော ဘယ်လိုတဲ့လဲ။ သူတို့အပေါ်လည်း ကျနော့်ဇက်က မီးခိုးငွေ့ဆန်ခဲ့ဖူး မလားပေါ့။

ပြီးတော့ ...။ ပြီးတော့ မနှင်းဆီ။ မနှင်းဆီဟာ မီးခိုးငွေ့ပါပဲ။ ကျနော့်အနား မရှိတဲ့အခါ ဘယ်အရပ်ကိုရောက်နေပါသလဲ မနှင်းဆီ။

လူ့ဘဝအကြောင်း မွေးဖွားရာကနေသေသည်အထိ စဉ်းစားဖူးလား မနှင်းဆီ။ ကျနော်ကပဲ ရှင်းပြရတာတွေ များနေပြီ။ ဒီတစ်ခါ မနှင်းဆီပဲ ရှင်းပြပါဦး။

လူတွေက ဘာလို့သေတာတဲ့လဲ မနှင်းဆီ။ သေချင်လို့ ... တဲ့လား။ ဒါဆိုရင်တော့ ရယ်ရတယ် မနှင်းဆီ၊ လူတွေက ရယ်ရတယ်နော်။ လူတွေက အရမ်း ကို ... ရယ်ရတယ်ဗျာ။ လူတွေက ရယ်ရတဲ့အကြောင်း ကျနော် ရှင်းမပြ တတ်ဘူး။ လူတွေရယ်ရတဲ့အကြောင်း မပြောပြတတ်လည်း လူတွေက ရယ်ရတယ်မဟုတ်လား။ ဟ .. ဟ .. ဟ . မနှင်းဆီ။ ကျနော်က စတာပါဗျာ။ လူတွေက ရယ်ရလို့လေ။ ပြီးတော့ မနှင်းဆီကလည်း ရယ်ရလို့။

လူ့ဘဝဟာ နည်းနည်းတိုတဲ့ ရုပ်ရှင်တစ်ကားပါပဲ မနှင်းဆီ။ နောက်ဘဝ ဆိုတာကိုလည်း ကျနော် မယုံတော့ဘူး။ အခန်းဆက်မရှိတဲ့ ရုပ်ရှင်ပါပဲဗျာ။ တစ်ခါတရံဆို ဇာတ်မသိမ်းပဲတောင် တိကနဲ ရပ်သွားတတ်သေးရဲ့။ ကျနော့် ကိုလေ ချစ်သလိုလို မချစ်သလိုလို မလုပ်ပါနဲ့။

ကျနော့်ကိုလေ ချစ်သလိုလို မချစ်သလိုလို မလုပ်ပါနဲ့။

ကျနော်တို့ရဲ့ဘဝ timeline တွေ ထပ်မိ ဟပ်မိနေတုန်းမယ်ပေါ့။ ချစ်မိတယ် မဟုတ်လား။ အေး ချစ်နေလိုက်ပေါ့ မနှင်းဆီရာ။ ဒါ ခင်ဗျားနဲ့ ကျနော် ပြောနေကျ လေယူလေသိမ်းလေးတစ်ခုပေါ့။

အေး ချစ်နေလိုက် ...။ မသေပဲ နေနေလိုက် ...။ စိတ်ညစ်လည်း တံတားပေါ်က ခုန်မချပဲ နေနေလိုက် ...။ ရန်တွေဖြစ်ပြီး နောက်မနက်ကျ ရန်ဖြစ်ခဲ့ရတဲ့ အကြောင်းတွေ မေ့ထားနေနေလိုက် ...။ မခေါ်ကြတာမေ့ပြီး သူ့ကို ဟင်းလေး တွေ ချက်ကျွေးမယ်လို့ တွေးနေလိုက် ...။ မျက်စိနှစ်လုံးပွင့်တာနဲ့ နိုးထပြီ ဆိုတဲ့အကြောင်း လှမ်းပြောဖို့ သတိရနေလိုက် .။

အဲ့လိုပါ မနှင်းဆီ၊ အဲ့လိုပါ။

ချစ်နေလိုက်။ နေနေလိုက်။ မသေနေလိုက်။ ရှင်နေလိုက်။

(၄-၃-၂၀၂၀)

❊❊❊❊❊

ဒီနေ့ တွေ့ရတော့
သူ့လက်ကလေးက နွေးနေတာ။
ပုံမှန် လူတစ်ယောက်ရဲ့
အပူချိန်ထက် အများကြီး မပိုပေမယ့်
သိသိသာသာ နွေးနေတယ်။
သူက ပြောတယ်
“နေမကောင်းဘူး..”တဲ့

မသေပါနဲ့ မနှင်းဆီ - ၄

တကယ်တော့ အဆက်အသွယ်တွေ ပြတ်သွားခဲ့ပြီးသား ညတစ်ညပါပဲ။ ဆောင်းဒါးယက္ကန်းကျောင်းထဲက တအားကြွေနေတဲ့ သစ်ရွက်တွေကို ဘယ်လိုလုပ်မလဲတဲ့။ သူကမေးတယ်။ လေတွေတအားတိုက်လို့ နိုးလာတာ တဲ့။ ည ၂ နာရီထိုးခါနီးမှာ ဖုန်းခေါ်လိုက်တော့ သူ ... တုန်ရီနေတဲ့အသံလေးနဲ့ မေးတယ်။ တကယ်ရော သစ်ရွက်တွေက ကြွေနေလို့လား။ တကယ်ရော လေတွေက တိုက်နေလို့လားကွာ။ မဟုတ်လောက်ပေမယ့်လေ။ သူ့မျက်ဝန်း တွေထဲမှာ နွေဦးကို ရှာတွေ့ခဲ့တယ်။ မနက်ဖြန်ဆို မှောင်မဲအေးစက်တဲ့ ညတွေ လွန်တော့မလား။

မင်းထိတ်လန့်နေတဲ့ စိတ်အခြေအနေကို ကိုယ်အဆင်မပြေဘူး။ ပြောရရင် မင်းအဆင်မပြေနေတာကို မြင်ရတာ ကိုယ် အဆင်မပြေဘူးကွာ။ တရေးနိုးတဲ့ ညတွေတိုင်းမယ် ကိုယ့်ကိုမလိုအပ်ပဲ ရေတစ်ခွက်လောက်သောက်ပြီး စိတ်အေးလက်အေး ပြန်အိပ်သွားတာမျိုးကိုပဲ မြင်ချင်ခဲ့တာ။ အခု မင်း အဆင်မပြေတဲ့ပုံနဲ့ ကိုယ့်ကိုလာခေါ်နေတာ ကိုယ်တကယ် အဆင်မပြေပါဘူး။ ဒါပေမယ့် မင်းလန့်နိုးတဲ့ ညတွေတိုင်းတော့ ကိုကို့ကိုခေါ်နော်။

ကိုကို့ကိုခေါ်နော် မနှင်းဆီ။ ကိုကိုက မနှင်းဆီရဲ့ ကိုကိုမဟုတ်လား။ မင်း အနားက ပတ်ဝန်းကျင်မယ် သစ်ရွက်လေးတွေကြွေနေတယ် မနှင်း နှင်းဆီ။ လေတွေလည်း တအားတိုက်နေတယ်။ မင်း အထိတ်တလန့်နဲ့ လန့်နိုးပြီး သစ်ရွက်တွေကြွေနေတဲ့အကြောင်း တစ်ယောက်ယောက်ကို ပြောပြချင်ခဲ့ ရင်ပေါ့။ ကိုကို့ကို ခေါ်လိုက်ပါ။ ကိုကိုက မနှင်းဆီရဲ့ကိုကိုပဲ မဟုတ်လား။

ဒီနေ့တွေ့ရတော့ သူ့လက်ကလေးတွေက နွေးနေတာ။ ပုံမှန်လူတစ်ယောက်ရဲ့ အပူချိန်ထက် အများကြီးမပိုပေမယ့် သိသိသာသာ နွေးနေတယ်။ သူက ပြောတယ်

"နေမကောင်းဘူး..." တဲ့။ ဆိုင်ကယ်မောင်းလာရင်း လေတိုး တော့တောင် အသားတွေနာနေတာ။ သတိရတယ်လို့တောင် မပြောဘူး နော်။ မချစ်ဘူးမဟုတ်လား။ အကိုက ဂရုမစိုက်ပါဘူးဗျာ။ ရှင်က မချစ်မှ မချစ်တာ။ မညာနဲ့။ ကျမ နေမကောင်းဘူးလို့ပြောတယ်လေ။ အကိုက ရန်ပဲဖြစ်ချင်နေတာ။ ဒါ ... သူပြောတဲ့ စကားတွေပါ။ ဘာပဲဖြစ်ဖြစ် ကျနော်တို့ တွေ့ ဖြစ်ကြတယ်ပေါ့။ တကယ်တော့ မနှင်းဆီလည်း မသေ။ ကျနော်လည်း မသေပါဘူး။ အရာရာ ခက်ခဲပိတ်ဆို့နေပေမယ့် ကျနော်တို့ တွေ့ ဖြစ်ခဲ့ကြတယ်။ ဒီနေ့တွေ့ရတော့ သူ့လက်ကလေးတွေက နွေးနေလိုက်တာ။

ကျနော်တို့က စိတ်အတက်အကျမြန်တယ် ထင်ပါရဲ့။ ခဏလေးအတွင်းမှာပဲ မတူတော့တဲ့ နာမ်စားတွေသုံးလို့ စကားတစ်ခါပြောပြီးတိုင်း မိုင်တွေ အများကြီး ခရီးထွက်ခဲ့ရတဲ့လူတွေလိုပဲ။ စိတ်တွေနဲ့ပဲ အဝေးကြီးကို ရောက် တတ်ကြတယ်။ ကျနော်မောတယ် မနှင်းဆီ။ မနှင်းဆီလည်း ပင်ပန်းလှပြီ။ ပြီးတော့ လေတွေတိုက်တဲ့အခါ အရမ်းမကြောက်ပါနဲ့လား။

တစ်ခါက မနှင်းဆီဟာ ချောက်ကမ်းပါးကြီးတစ်ခုရဲ့အစွန်းမှာ ရပ်နေခဲ့တယ်။ ဘာကိုမှ မကြားနိုင်တော့တဲ့ နားတွေ၊ ဘာကိုမှ မမြင်နိုင်တော့တဲ့ မျက်ဝန်းတွေနဲ့လေ။ မနှင်းဆီဟာ ဖျော့ဖျော့လေး။ မနှင်းဆီဟာ သေးသေးပါးပါးလေး။ ကြွေတော့မယ့် သစ်ရွက်လေးလိုလေ။ လေတွေက အရမ်းတိုက်နေပြီး မြူတွေကလည်း သိပ်နေအောင် ထူနေခဲ့တယ်။ ဆံပင်တွေရယ် သူ့လည်ပင်း မှာပတ်ထားတဲ့ မာဖလာလေးရယ်လည်း လေထဲမှာ တလွင့်လွင့်။ မြင်ကွင်းက မရှင်းပါဘူး။ ပြောရရင် ကျနော် မနှင်းဆီကို လှမ်းမြင်နေရတာ ဝမ်းနည်းစရာ ခေတ်ဟောင်း ရုပ်ရှင်တစ်ကားလိုပါပဲဗျာ။

အဲ့ဒီလိုလေး မနှင်းဆီ၊ အဲဒီလိုလေးနဲ့ မနှင်းဆီလေးဟာ ချောက်ကမ်းပါး စွန်းမှာ ငိုနေခဲ့တယ်။ အဖန်တရာသိမ်မွေ့ နှလုံးသားနဲ့ ရိုကျိုးတတ်လှစွာသော မနှင်းဆီ၊ လူ့ဘဝကို မတပ်မက် လောဘကင်းသော မနှင်းဆီ၊ သူကိုယ်တိုင် ပန်းဖြစ်ပေမယ့် အခြားသောပန်းတွေကို ချစ်တတ်လှသော မနှင်းဆီ၊ အဖော်ကွဲ ကင်းကွာ တစ်ပွင့်တည်းလေးဖြစ်နေသော မနှင်းဆီ။ ချစ်ရတဲ့ မနှင်းဆီလေးဟာ အဲ့ဒီလို အန္တရာယ်ရှိနေခဲ့ရပါတယ်။

ဒီလိုနဲ့ မနှင်းဆီနား ကျနော်ရောက်ခဲ့ရတယ်ပေါ့။ မုန်တိုင်းထဲမှာ ယိမ်းထိုးနေတဲ့

အကိုင်းကိုမှ အတင်းဖက်တွယ်ထားရတယ်။ လေတွေတိုက်တာကို ကျနော်လည်း ကြောက်တဲ့အကြောင်းတော့ မပြောဖြစ်တော့ဘူး။

ခင်ဗျားတို့ သေနတ်မှန်ထားတဲ့ ပန်းတစ်ပွင့်ကို မြင်ဖူးကြရဲ့လား။ ကျနော့်ရဲ့ နှင်းဆီရုပ်ရှင်မယ် ဇာတ်ကို စအဖွင့်ကတည်းက ကျနော့်ဇာတ်ကောင်ဟာ ဒဏ်ရာရနေခဲ့ပြီး ကျနော်က တစ်ကားလုံး သူမသေဖို့ ထိုင်ဆုတောင်းနေခဲ့ ရတယ်။ ရှေ့ကိုဆက်မတိုးပါနဲ့တော့ မနှင်းဆီ ... လို့ အကျယ်ကြီး အော်ပြော ခဲ့ရပြီး သူ့အနောက်ကို တလျှောက်လုံး ပြေးလိုက်ခဲ့ရတယ်။ ရောက်တဲ့ အရပ်မှာ ရပ်နေလိုက်ပါ မနှင်းဆီ။ မနှင်းဆီ အန္တရာယ်များနေတာကို

မနှင်းဆီကိုယ်တိုင်ကရော သိရဲ့လားဗျာ။ ခင်ဗျားရှေ့မှာ မြူတွေဝေ့နေသော ချောက်ကမ်းပါးတွေ။

အခုဆို တလောကလုံးလည်း ဒုက္ခတွေတွေ့ပြီး အန္တရာယ်ရဲ့ အငွေ့အသ သက် တွေအောက်မှာ ငြိမ်သက်နေကြရတာ။ ကျနော်တို့ကဝေ ကတော့ ပိုဆိုးပေါ့။ အန္တရာယ်ရှိတဲ့ပတ်ဝန်းကျင်ထဲ အန္တရာယ်ရှိနေ န္တရာယ်ရှိနေတဲ့ လူ့အသိုင်းအဝိုင်းကြီးထဲ မှာမှ ထပ်ဆင့်အန္တရာယ် ကြုံတွေ့နေရတဲ့ မနှင်းဆီကို ကျနော်က ပူပန်နေရပြီး ကျနော်ကိုယ်တိုင်ကလည်း မနှင်းဆီကို ဖမ်းဆွဲ ပွေ့ဖက်ထားဖို့ ကာကွယ် အဝေးကြီးကနေ ရင်တွေဆို့နေအောင် ပြေးလာနေခဲ့ရတာလေ။ သိရဲ့လား။

အခုဆို ဒီစာတစ်စောင်ထဲမှာတောင် ရေးရင်းနဲ့ အရောင်တွေက ပိုပို မှိုင်းလာ တယ်။ လေတွေက ပိုတိုက်လာတယ်။ စစ်ပွဲရဲ့သတင်းစကားတွေ တစ်ခုပြီး တစ်ခု အလိုမတူပဲ ကြေညာနေရတယ်။ ခိုတွေ တစ်ကောင်ပြီးတစ်ကောင် သေတယ်။ နံရံတွေ တစ်ခုပြီးတစ်ခု ပြိုကျနေတယ်။ မြစ်တွေက မြင်းတစ်ကောင်လန့်ပြေးသလို မြန်မြန်ကြီး စီးဆင်းနေကြတယ်။

ဒီစာထဲမှာပါတဲ့ စာပိုဒ်တွေကိုပဲကြည့်။ စာပိုဒ်တွေ ပိုတိုလာပေမယ့် အထိအခိုက်တွေက ပိုများလာတယ်။ အကိုပြောချင်တာက မသေပါနဲ့ မနှင်းဆီ။ ဒါ ကိုယ်ပြောချင်တဲ့ အဓိကအကြောင်းပေါ့။ တကယ်ဆို ကိုကိုက မနှင်းဆီရဲ့ ကိုကို မဟုတ်လား။ မနည်းကယ်တင် ဆုပ်ကိုင်ဆွဲယူထားရတဲ့ ခေတ် အဆက်ဆက် အလွမ်းသီချင်းလေး မနှင်းဆီအတွက် ကိုယ်က ပူရမှာပေါ့။

တကယ်တော့ အဆက်အသွယ်တွေ ပြတ်သွားခဲ့ပြီးသား ညတစ်ညပါပဲ။ ဆောင်းဒါးယက္ကန်းကျောင်းထဲက တအားကြွေနေတဲ့ သစ်ရွက်တွေကို ဘယ်လိုလုပ်မလဲတဲ့။ သူကမေးတယ်။ မင်းအနားက ပတ်ဝန်းကျင်မယ်သစ်ရွက်လေးတွေကြွေနေတယ် မနှင်းဆီ။ လေတွေလည်း တအားတိုက်နေ တယ်။ မင်း အထိတ်တလန့်နဲ့ လန့်နိုးပြီး သစ်ရွက်တွေကြွေနေတဲ့အကြောင်း တစ်ယောက်ယောက်ကို ပြောပြချင်ခဲ့ရင်ပေါ့။ ကိုကို့ကို ခေါ်လိုက်ပါ။ ကိုကိုက မနှင်းဆီရဲ့ကိုကိုပဲ မဟုတ်လား။

(၁၂-၄-၂၀၂၀)

မနက် ၁၂:၄၉ မိနစ်

❊❊❊❊❊

အိပ်ရာဝင် အနမ်းတွေအကြောင်းလည်းရောက်ရော
ပုံပြင်ဟာ သိမ်မွေ့စွာ ပြီးဆုံးသွားတယ်။
ကျနော့်ရင်ထဲမှာတော့ ဖြတ်ပြေးသွားတဲ့
ရာဇဝင်ထဲက မြင်းတပ်ကြီးပေါ့။

မသေပါနဲ့ မနှင်းဆီ - ၅

ရှာပါ မနှင်းဆီ။ တစ်ခါတရံ မနှင်းဆီဟာ မိုးတွေလိုလည်း ရွာချဖို့လိုပါတယ်။

အင်မတန်ပူလောင်နေတဲ့ အရာတစ်ခုပေါ်အေးမြတဲ့မိုးစက်တွေ ကျလာတဲ့ အခါ မီးခဲကို ရေလောင်းလိုက်သလို ရှဲခနဲ ဖြစ်သွားမှာပဲ ... အခိုးအငွေ့တွေ ထောင်းခနဲထလာမှာပဲ ... ဒါပေမယ့် အချိန်တန်ရင် အေးမြသွားမှာ ...။ ကျမက ရှင့်အပေါ် အဲ့ဒီလိုပါ ... တဲ့။

ရွာပါ မနှင်းဆီ ... ကျနော်လည်း တစ်ခါတရံမကသော အခါတွေမယ် လောင်မြိုက်နေတတ်ပါတယ်။ ရင်ထဲမှာ မီးခိုးတလူလူ ဟိုးအဝေးက ကိုယ့်အိမ်ကိုယ့်ရာလေး စစ်ဘေးသင့်သွားတာကို နားမလည်နိုင်တော့တဲ့ လူတစ်ယောက်လိုစိတ်နဲ့ ကိုယ့်နလုံးသားကိုယ် ငေးကြည့်နေရတာမျိုးလည်း ဖြစ်တတ်ပါတယ်။

ရွာသာရွာပါ မနှင်းဆီ ... တခါတရံမှာ နှင်းဆီမိုးတွေရွာတဲ့အခါ ကန်ရေပြင် ဟာ ခုန်ပေါက်ပျော်မြူးပြီး ကယ်တင်တတ်သောရနံ့တွေလည်း လေထု အပြည့် မွှေးပျံ့နေလိမ့်မယ်။ ခေတ်ဆိုးကြီးဟာလည်း တကယ်မရှိခဲ့ပါဘူး လို့ မေ့ပစ်ပြီး ကျနော်တို့ချစ်ရတဲ့ အနုပညာရှင်တွေဟာ မနှင်းဆီနဲ့ မိုးစက်တွေ

အကြောင်း တေးသီချင်းတွေ စပ်ကြလိမ့်မယ်။ ကျနော်ကလည်း သူတို့ဆိုမယ့် တေးတွေကို မနှင်းဆီအတွက် ရည်ရွယ်ကျက်မှတ်၊ တစ်နေ့နေ့ လူတွေ မေ့သွားရင်တောင် ကျနော်ပဲ သီးသန့် ပြန်ဆိုပြမှာပေါ့။ ကျနော့်ဇက်ကလည်း အဲ့ဒီလိုပါ မနှင်းဆီ။

လူတစ်ယောက်က လူတစ်ယောက်ကို အမြဲတမ်း လိုအပ်မနေသင့်ဘူးလို့

မနှင်းဆီပြောဖူးတယ်။ ဒါ အမှန်ပါပဲ။ ဒါပေမယ့် တစ်ခါတရံတော့လည်း လိုအပ်သင့်တယ်လေ ... ကျနော်တို့က။ မြူတွေက သူတို့ မြူဖြစ်ရတာ ပင်ပန်းလို့ တိတ်တိတ်လေး ပျောက်ကွယ်သွားချင်တဲ့အခါ နေရောင်ကို လိုအပ်သလိုမျိုး။ အိပ်မရတဲ့ညတွေမယ် ခေါင်းရင်းက ပြတင်းပေါက်လေးကို ထဖွင့်ပြီး လရောင်ကို ငေးလိုက်ရသလိုမျိုးလေ။ အပူကလည်း အပူ အလျောက် အအေးကလည်း အအေးအလျောက် သင့်မြတ်ကြစေချင်တာ ကျနော့်စိတ်ရင်းပါ။ လိုအပ်ရင်သာ ရှာချဖို့အားမနာပါနဲ့ မနှင်းဆီ။

ကမ္ဘာကြီးဟာ "မရဘူး .. လိုတယ်" လို့ သူချစ်တဲ့သူတွေအပေါ်တောင်းဆို နေပြီ။ တစ်နေရာရာမယ် သူ အကြာကြီးဖျားနေခဲ့ရလို့ ဖြစ်မယ်။ အဝေးကြီး ထွက်သွားခဲ့ရတဲ့ ခရီးသည်တွေနဲ့ အရပ်တပါးမယ် သူစိမ်းဖြစ်နေခဲ့ရတဲ့ သူတွေလည်း အိမ်ကို အရမ်းပြန်ချင်နေကြပြီတဲ့။ စောင့်နေသူတွေ ကျန်ရစ်ခဲ့လို့ ဖြစ်မယ်။ ပြောရရင် မနှင်းဆီကို ကျနော်လိုအပ်ပါတယ် မနှင်းဆီ။ တစ်ခါတရံ ဆိုတာ ညာတာ။ တကယ်က အမြဲတမ်းပါပဲ။ မရဘူးမနှင်းဆီ ... ကျနော် လိုတယ်။

မနှင်းဆီပို့တဲ့ စာတွေကိုလည်း လက်ခံရရှိပါတယ်။ ဘယ်ပန်းအိုးမှာမှ အထိုး မခံလိုတဲ့အကြောင်း။ ဒါပေမယ့် တစ်ခါတရံမှာတော့ တစ်ယောက်ယောက် အတွက် မွေးမြူ လတ်ဆတ်လိုကြောင်း။ ဖြစ်နိုင်ရင် သူ့နားသယ်ဆံစမှာ သူ့ကိုယ်သူ ပန်ဆင်လိုကြောင်း ... တဲ့။ ဟုတ်ကဲ့ ... ကျနော် လက်ခံရရှိကြောင်းပါ ခင်ဗျာ။ အဲ့ဒီရေဒီယိုမှာ လေပြေရဲ့သတင်းတွေ လာစေလိုတယ် မနှင်းဆီ။

မိုးတွေလို ရှာပါဦးမနှင်းဆီ။ မနှင်းဆီတွေရှာတိုင်း ကျနော့်မှာ အေးမြရပါတယ်။ တစ်ခါတလေ ကျနော်ဟာ မသိသား ဆိုးရွားနေခဲ့။ ရေကို ခွက်နဲ့မခံပဲ သဲအပြည့် ရင်ဘက်နဲ့ခံမိလို့ အဖတ်မတင်လည်း ဖြစ်တတ်ခဲ့။ တောင်းပန်ပါတယ် မနှင်းဆီ။ မနှင်းဆီလေး ဘယ်လောက်ထိ ပင်ပန်းခဲ့ရပြီးပြီဆိုတာ သိရက်နဲ့ ဆိုးခဲ့မိတာတွေလည်းရှိတယ်။ တောင်းပန်တယ်နော်။ "ကျမက ရှင့်အပေါ်အဲ့ဒီလိုပါ..." ဆိုတဲ့ ချစ်ဖွယ်သောစကားကို အမြဲမှတ်ထားပါ့မယ်။ နောက်ဆို နှလုံးသားနဲ့ ပေးသမျှကိုလည်း နှလုံးသားနဲ့ ရအောင်ယူပါ့မယ်။ ပုံပြင်ထဲမှာ ပန်းလေးတွေ ပွင့်ပြပါဦး။

အခုလိုအချိန်ဆို မနှင်းဆီလည်း အိပ်နေလောက်ပြီ။ ကြည်လင် ညင်သာ တိုးတိတ် စိတ်လက်ဖြောင့်ဖြူးစွာနဲ့ အိပ်ပျော်သွားခဲ့တာ ဖြစ်ပါစေလို့ ကျနော်

ဆုတောင်းမိတယ်။ တစ်ခါက မနှင်းဆီပြောပြခဲ့ဖူးတဲ့ အိပ်ရာဝင်ပုံပြင်တွေ၊ ထူးဆန်းသော အကောင်ငယ်လေးတွေနဲ့ စိမ်းလန်းသောကမ္ဘာမြေ၊ ပြီးတော့ ထူးဆန်းသော သစ်ရွက်ကလေးတွေနဲ့ စကားပြောသော ငါးတွေ။ နွေးထွေးတဲ့ အိပ်ရာဝင်အနမ်းတွေအကြောင်းလည်းရောက်ရော ပုံပြင်ဟာ သိမ်မွေ့စွာ ပြီးဆုံးသွားတယ်။ ကျနော့်ရင်ထဲမှာတော့ ဖြတ်ပြေးသွားတဲ့ ရာဇဝင်ထဲက မြင်းတပ်ကြီးပေါ့။ ပုံပြင်ထဲမှာ ပန်းလေးတွေပွင့်ပြပါဦး။

မနှင်းဆီရေ ကျနော်တို့ဟာ သံသရာစရီးမယ် နောက်ဆုံးဘဝဆီ တရွေ့ရွေ့ လှမ်းနေကြရတာပါပဲ။ အဖြစ်အပျက်တိုင်းဟာ သူ့သဘောသူဆောင်နေ တယ်။ ကျနော်တော့ အရာရာကို ညင်သာစွာ စီးဆင်းသွားစေချင်တာပါပဲ။ တစ်နေ့ ငြိမ်သက်သွားကြမှာကို သိနေတော့လည်းလေ ...။

မနှင်းဆီရေ...။ ဘုရားတရားလည်း မမေ့။ ကျနော်တို့ဝေးနေရတာလည်း မမေ့။ ဒါပေမယ့် အားလုံးကို ရင်ဆိုင်ကျော်ဖြတ်နိုင်ပါစေ ... လို့ ကျနော် မျှော်လင့်တယ်။ ပြီးတော့ မနှင်းဆီကြောင့်ပဲ အေးမြပါစေကြောင်းပေါ့။

အထိအခိုက်တွေဟာ ဘယ်သူ့ကြောင့် ... လို့ အတိအကျ ရှိကြသလို ပြန်လည်တည်ဆောက်ပြီး လမ်းတွေဆက်လျှောက်ကြတဲ့အခါ ဘယ်သူ့ကို လိုတယ်ဆိုတာလည်း အတိအကျရှိပါတယ်။ ကျနော် မနှင်းဆီကို လိုတယ်၊ အသက်ရှင်ဖို့။ မနှင်းဆီလည်း ကျနော့်ကိုလိုပါ။ အသက်ရှင်ဖို့။

မနှင်းဆီရေ ကျနော်တို့မျိုးဆက်ဟာ အတော်ဒုက္ခများခဲ့ရှာပါတယ်။ ဒီနေ့ ခေတ်ရဲ့ မနှင်းဆီလေးတွေ မပျော်ရွှင်ခဲ့ရဖူးသလို ဒီနေ့ခေတ်ရဲ့ အခြားသော ကိုစစ်ငြိမ်းလေးတွေလည်း ဝမ်းနည်းလေလွင့်ခဲ့ရဦးမယ်။ အားလုံးဟာ ကိုယ့်ပုံပြင်လေးတွေထဲမှာကိုယ် ထောင့်ကျဉ်းလေးတွေ ရှာဖွေနေခဲ့ရတာပဲ။ ခေတ်ကာလဆိုးတစ်ခုရဲ့ရူးနေတဲ့ရာသီဥတုကြောင့်လို့ပြောရင် ကျနော် မမှား လောက်ဘူးလို့ ထင်တယ်။

မနှင်းဆီရေ ကမ္ဘာကြီးက ဘယ်သူနဲ့ စိတ်ကောက်နေတာတဲ့လဲ၊ ဖြေပါ။

မနှင်းဆီရေ ချောက်ကမ်းပါးထိပ်မှာရောက်နေလည်း ကျနော်တို့ ဆက်လက်

ဆုပ်ကိုင်ထားကြရအောင်ပါ။

မနှင်းဆီရေ မပျော့်ရှင်မှုကို ငြိမ်းချမ်းရေးနဲ့ ငြိမ်းသတ်ကြရအောင်ပါ။

မနှင်းဆီရေ တရားဝမ္မကို ပိုးပုဝါလေးနဲ့ ထုတ်ထား၊ သယ်ပိုးကြရအောင်ပါ။

ရှာပါ မနှင်းဆီရေ ...။ တစ်ခါတရံ မနှင်းဆီဟာ မိုးတွေလိုလည်း ရွာချဖို့ လိုပါတယ်။

(၂၀-၄-၂၀၂၀)

✳✳✳✳✳


မနှင်းဆီရေ သံသရာဆိုတာ
အဖန်ဖန် အခါခါပါပဲ။
အကြိမ်ကြိမ် မွေးဖွားခဲ့ကြ၊
ကျနော်တို့ဟာ အကြိမ်ကြိမ်သေဆုံးဖို့
ပေါ့ဒီ လူ့ဘဝမယ်ပါပဲ

မသေပါနဲ့ မနှင်းဆီ - ၆

မနှင်းဆီသေရင် ကျနော်ငိုမှာ။

မနှင်းဆီကသာ မသိတာ။ တကယ်တော့ မနှင်းဆီသေရင် ကျနော်ငိုမှာဗျ သိလား။ ကိုယ့်ထက် အေးစက်မာကျောသူကို တရားတွေပြဖို့ စာတွေ ဖတ်ရင်း။ ကျန်ရစ်သူရော ချန်ထားသူရော ဖတ်ဖို့ဆိုတဲ့ အဝေးကပို့လိုက်တဲ့ စာတစ်စောင်လို၊ ကျနော့်ကိုယ်ထဲက တရားတွေ ကျနော်ပြန်ရှာရင်း ....။ ကျနော်ငိုမှာ။ ကျနော်ငိုမှာ မနှင်းဆီ။

ဟိုးရှေးရှေးက ဇာတ်တော်တွေထဲမယ်ပေါ့။ ညီတော်အာနန္ဒာဟာ အဂ္ဂသာဝက မဟာသာဝကဆိုတဲ့ ရဟန္တာကြီးတွေရဲ့ကြားမယ်။ ထွက်သွားသူ သူ့ နောင်တော်အတွက် မတည်ငြိမ်နိုင် ဖြစ်ခဲ့ရရှာတယ်။ တကယ်တော့ သူဟာ သံသရာရဲ့ နောက်ဆုံးဘဝကို ဖြတ်သန်းနေသူ ပါရမီရှင်တစ်ယောက်ပဲ မဟုတ်လား။ ပြီးတော့ မနှင်းဆီရေ ...။ ကျနော်ငိုမှာနော် သိလား။ ကျနော် ငိုလိုက်မှာ။ တကယ်ဆို ကျနော်ဟာ ဘဝအသချေ်မယ် ပါရမီနည်းပါးသေးသူ

သာမာန်လူသားလေးတစ်ဦးပဲ မဟုတ်လား။

မနှင်းဆီရေ ..။ သံသရာဆိုတာ အဖန်ဖန်အခါခါပါပဲ။ ကျနော်တို့ဟာ အကြိမ်ကြိမ်သေဆုံးဖို့ အကြိမ်ကြိမ်မွေးဖွားခဲ့ကြ၊ ဟောဒီလူ့ဘဝမယ်တဲ့။ ဟော့ဒီ လူ့ဘဝမယ်ပါပဲ။ ဘာကြောင့် ရှင်သန်နေရတယ်ဆိုတာလည်း ကျနော်တို့ သေချာမသိရ။ ဒါနဲ့တောင် သေပစ်ဖို့လွယ်တယ်လို့လည်း တစ်ခါတရံ ထင်တတ်ကြ။ တကယ်တော့လေ။ သေဖို့က တကယ်လွယ်ပါ တယ် မနှင်းဆီ။ ဒါပေမယ့် မသေပါနဲ့။

ကျနော်ငိုမှာနော်။ တည်ငြိမ်သူကြီးတစ်ယောက်လို။ ဖြစ်ခြင်းပျက်ခြင်းတွေ ကို

တအားနားလည်နေသူကြီးလို။ ဟန်ဆောင်နေရင်း ကျနော်ငိုမှာ။ တကယ်တော့လေ ကျနော်က သာမာန်လူသားလေးတစ်ဦးပဲဟာ။ မနှင်းဆီ ရေ။ ဝမ်းနည်းစရာအကြောင်းအရာတွေကို ကျနော် ဘယ်လောက်များ ထမ်းပိုးထားနိုင်မယ်လို့ ခင်ဗျားထင်နေလို့လဲ။

မသေပါနဲ့ မနှင်းဆီ။ ကျနော် ငိုမှာ။ ကဗျာတွေ စာတွေ ဖတ်ပြရင်း ငြင်းပယ်ခံရတဲ့အခါတိုင်း ကျနော်ငိုမှာ။ နှုတ်မဆက်ပဲ အိပ်သွားရတဲ့ညတွေတိုင်း ကျနော်ငိုမှာ။ ကျနော်က သိပ်ဆိုးသွမ်းတာပဲလို့ ခင်ဗျားထင်သွားရစေတဲ့ ညတွေတိုင်း ကျနော်ငိုမှာ။ မနှင်းဆီသေရင် ကျနော်ငိုမှာဗျ။ ပြီးတော့ ကျနော်သေရင်လည်း ကျနော်ငိုမှာ။

မနှင်းဆီရေ။ တကယ်တော့ ဘဝက သီချင်းတစ်ပုဒ်ပါပဲဗျာ။ ခင်ဗျားလည်း မပျော်ရတဲ့၊ ကျနော်လည်း မပျော်ရတဲ့ သီချင်း။ ဝေးနေရင် မနေတတ်တဲ့ သီချင်း။ အခုဆို ခင်ဗျား အရမ်းအိပ်ချင်နေတဲ့ညရဲ့ သီချင်းပေါ့ဗျာ။ ကျနော် ဘယ်နားပြေးပုန်းနေရမယ်မသိတဲ့ သီချင်း။ မချစ်ပါဘူးလို့ပြောရင် သေပစ်ရမယ့်သီချင်း၊ ကျနော့်လက်ကို လွှတ်ပစ်လိုက်ရင် အကျယ်ကြီးအော်ငိုရမယ့် သီချင်း။ တစ်ယောက်တည်းမနေတတ်လို့ ခင်ဗျား ဒီညမယ် ... နိုးထပါဦး လို့ အတင်းလှုပ်နှိုးရမယ့် သီချင်း။ ကလေးလေးတစ်ယောက်လို မသိခြင်းဟာ ကြောက်စရာကောင်းနေမယ့် သီချင်းပေါ့။

ခင်ဗျား ကျနော့်အသံကိုကြားပါစေ။ ခင်ဗျားအိပ်စက်ခြင်းမယ် ကျနော့် လိပ်ပြာတွေ နားပါစေ။ တကယ်လို့လေ ကျနော်များ သေသွားခဲ့ရင်ပေါ့။ မနှင်းဆီမငိုလည်း ကျနော်ကတော့ ငိုမှာ။ မနှင်းဆီရေ ဒါကိုလည်း သိပါ။

တိုက်ဆိုင်မှုရှိလို့ဖြစ်မယ်။ Jagermeister ဆိုတဲ့ အရက်၊ ထည့်ထားတဲ့ ခွက်ကို ပါးစပ်နဲ့တေ့တဲ့အချိန်တိုင်း ရလာတဲ့အနံ့က မင်းကို ... အတော် လွမ်းစေတာ။ ချောက်ကမ်းပါးထဲထိ လိုက်ဆယ်ထားရတဲ့ ပန်းရဲ့ရနံ့နဲ့လေ။ ဘယ်အချိန်ကျကွဲမလဲလို့ စိုးရိမ်တကြီးဖြစ်ခဲ့ရဖူးတဲ့ ကံ့ကော်ပွင့်လေးရဲ့ ရနံ့ နဲ့လေ။ ဒါတွေသိလား။ သိရဲ့လားဗျ။ ချစ်ရသော မေးချွန်ချွန် အမျိုးသမီးလေးရေ...!!

မနှင်းဆီရေ အခုဆို ကျနော်က တအားကလေးဆန်နေတာ။ ဖွတ်အတင်းကြီး တွေလိုက်ချစ်ပြီး အိပ်မက်တွေထဲထိ လိုက်ပွေ့ဖက်မယ်တွေးထားတာ။

ချောက်ကမ်းပါးတွေတွေ့တိုင်းလည်း ခုန်မချပါနဲ့တော့ မနှင်းဆီ။ သံသရာဟာ ကစားပွဲတစ်ခုပါပဲလို့ သဘောထားပြီး ကျနော်တော့ ဆင်းဆယ်မိဦးမှာ။

မသေပါနဲ့မနှင်းဆီ။ ဒီတစ်ခေါက် မနှင်းဆီကို အသက်ရှင်လျက် ဖမ်းဆီးရမိပြီး ခင်ဗျားတစ်ယောက် ... ဘာတွေလျှောက်လုပ်နေတာလဲဗျာ ... လို့ အော်ဟစ်မေးမြန်းချင်တာ ကျနော့်စိတ်ရင်းပါ။ အခုတစ်ခေါက် ကျနော်ရေးတဲ့စာက တိုပါတယ်။ မနှင်းဆီကိုအမိဖမ်း လေထုထဲမယ် ပန်းတွေလို အတူဖူးပွင့်ကြမယ်။ သံသရာကိုလှမ်းရမှာမို့ ဒီဘဝကလည်း တိုပါတယ်။ ကျနော်တို့ အသက်ကို ဝဝရှူ ပြေးကြရဦးမယ် မဟုတ်လား။

မသေပါနဲ့ မနှင်းဆီရယ်။ ကျနော်ရေးတဲ့စာက တိုပေမယ့် အရှည်ကြီး ငိုပစ်မှာနော်။

မနှင်းဆီသေရင်ကျနော်ငိုမှာ။

မနှင်းဆီသေရင်ကျနော်ငိုမှာ။

တကယ်တော့လေ၊ မနှင်းဆီသေရင် ကျနော်ငိုမှာဗျ သိလား။

(၉-၅-၂၀၂၀)

✳✳✳✳✳



ကျနော့်စိတ်ထင် ကျနော်ဟာ
ခေတ်အဆက်ဆက် ဒီမနက်ကို
စောင့်နေခဲ့တာပဲ ဖြစ်ရမယ်။
နှစ်ကာလတွေက
အရမ်း ကြာတတ်တာပဲ မနှင်းဆီ။
အခုဆို ဒီနေ့ဟာ မိုးစဲစ မနက်ခင်း တစ်ခုပဲပေါ့။
မနှင်းဆီကတော့ အရင်လိုပဲ
ဖြစ်ခဲ့သမျှ အရာရာကို
မေ့ပစ်ပြီး နိုးထ လာလောက်ပြီ

ကျနော် ခင်ဗျားကိုမခေါ်ပါဘူး မနှင်းဆီ

ဒီနေ့ မနက်အစောကြီး နိုးလာတယ်။ ခြံထဲက ယုဇနပင်လေးပွင့်ပြီ။ အဲ့ဒီ အပင်လေးရဲ့ ပထမဆုံးပန်းတစ်ပွင့် ပွင့်တာလေ။ ပြီးရင် ပထမဆုံးကြွေတဲ့ အပွင့်လည်း ဖြစ်ရပြန်ဦးမယ်။ အခုဆို ကျနော်က ပန်းကလေးတွေပွင့်တာပဲ ထိုင်ကြည့်ချင်တော့တာ မနှင်းဆီ။ လူတွေက ရက်စက်တယ်၊ ကျနော် ခင်ဗျား ကို မခေါ်ပါဘူး။

ကျနော်က ဟန်မဆောင်တတ်ဘူး မနှင်းဆီ။ မကြိုက်တဲ့စကား ကြားရရင် မျက်နှာက ကွက်ခနဲ ချက်ချင်းပျက်တတ်တယ်။ ကျနော်နှာကျင်ရတဲ့ အကြောင်းအရာတွေ၊ စကားလုံးတွေ၊ အပြုအမူတွေ။ သိရ၊ ကြားရ၊ မြင်ရရင် လေသံက ချက်ချင်းမာတတ်တယ်၊ ချက်ချင်းတုန့်ပြန်တတ်တယ်။ ကျနော့် အပေါ်အေးစက်တယ်ထင်ရင် ဆောက်တည်ရာမရနဲ့ ချက်ချင်း အမူအယာ က ပျက်တတ်သေးတယ်။

ကျနော်က လူတွေကို လိမ်မာပါးနပ်စွာ မကိုင်တွယ်တတ်ဘူးလို့လည်း ခင်ဗျား ထင်ချင်ထင်လိမ့်မယ်။ ဟုတ်ပါတယ် မနှင်းဆီ။ ကျနော်က ကျနော်ချစ်တဲ့လူတစ်ယောက်ကိုဆို ပိုပြီးတော့ အဲ့ဒီလို မကိုင်တွယ်တတ်ဘူး။ ကိုယ် ချစ်နေပါတယ်ဆိုတဲ့ လူတစ်ယောက်ရဲ့ရှေ့မှာဆိုရင် ပိုပြီးတော့ ပါးပါးလျလျ လေး နေမပြတတ်တော့ဘူး။ ကိုယ်ချစ်ရတဲ့လူကိုဆိုရင် ပိုပြီးတော့ကွာ ဟန်မဆောင်နိုင်တော့ဘူး။ ကျနော့်ခံစားချက်တွေက မျက်နှာပေါ်နဲ့ မျဂ မျက်ဝန်း တွေထဲမယ် ချက်ချင်းကို ပေါ်လာတာက သူ့အလိုလိုပဲ။ ဘယ်လိုမှ ထိထိန်းလို့မရဘူး။

ခင်ဗျားကတော့ ကျနော်ဟာ ရန်လိုတတ်ပြီး တခြားလူတစ်ယောက်ကိုလည်း အမြဲတမ်းလိုအပ်နေတဲ့သူ . လို့ ထင်မှာပဲ။ အလိုဆန္ဒတွေ များမြောင် လိုက်တာ . လို့ ထင်ချင်ထင်မှာပဲ။ မလိုအပ်ပဲ ထထလောင်မြိုက်နေတတ် တယ် .. လို့ ထင်မှာပဲ။

ကျနော်လည်း ကိုယ့်ပျော်ရွှင်မှုဟာ အခြား လူတစ်ယောက်အပေါ် မှီတည်နေရတာ အန္တရာယ်ကြီးမှန်း သိတာပေါ့ဗျာ။ ဒါပေမယ့် ...။

ရိုးသားချင်ပါတယ် မနှင်းဆီ၊ "ကျနော် ခဏခဏ စိတ်ဆိုးရလိမ့်ဦးမယ် ..."။

ကျနော် ခင်ဗျားကိုမခေါ်ပါဘူး၊ ဒါ စိတ်ကောက်လို့ရေးတဲ့စာပါ၊ မသိမှာစိုးလို့။

အခုတော့ ကျနော်ရေးခဲ့ဖူးတဲ့စာတွေထဲကလို မိုးတွေရွာနေတယ် မနှင်းဆီ။ အင်း ... မိုးတွေရွာနေတယ် ... လို့ လှမ်းပြောချင်နေမိတာ။ တစ်နေ့လုံး ပြန်အိပ်ပြီး ညဦးပိုင်းမှ ပြန်နိုးလာပြီးတဲ့နောက် ပတ်ဝန်းကျင်က တအား တိတ်ဆိတ်နေတယ်လို့ ခံစားရတယ်။ တကယ်တော့ အသံတွေက ရှိပါတယ်။

ကျနော်ကပဲသတိလက်လွတ်နဲ့ အာရုံတွေလွင့်နေခဲ့တာ။ တကယ်တမ်းဆို လေတွေကလည်း တဖျောဖျောတိုက်လို့၊ မိုးစက်တွေလည်း ကမ္ဘာမြေပေါ် ပြန်လာကြတဲ့ ခရီးသည်တွေလို တဖွဲဖွဲကျရောက်နေကြတယ်။

အခုတော့ ကျနော်ရေးခဲ့ဖူးတဲ့ စာတွေထဲကလို မိုးတွေရွာနေတယ် မနှင်းဆီ၊ လေတွေလည်း တိုက်နေတယ်၊ ခင်ဗျား အရင်လိုပဲ ကြောက်နေဦးမလားလို့ စိတ်ပူမိသေးတယ်။ ဒါပေမယ့် ကျနော် ခင်ဗျားကို မခေါ်ပါဘူး။

အခုဆို ထိုင်ကြည့်နေရင်း လေတွေပိုတိုက်လာတယ် မနှင်းဆီ။ လွင့်နေတဲ့ ကျနော့်အာရုံတွေဟာ ကျနော့်စိတ်ဆီပြန်ကပ်ပြီး အသံတွေ အရမ်းဆူညံလာ တယ်လို့ ခံစားနေရပြန်ပြီ။ ကျနော်က ကျနော့်ကမ္ဘာမှာ မှုမမှန်ပဲနိုးထလို့ လူ့ပတ်ဝန်းကျင်နဲ့လည်း အထိအတွေ့တွေ ကင်းလွတ်လို့၊ မနှင်းဆီကတော့ သူ့ကမ္ဘာသေးသေးလေးမယ် အိပ်ပျော်လို့နေတော့မယ်။ ကျနော်တို့ ဒီည လည်း အဆက်အသွယ်တွေ ပြတ်နေကြဆဲပဲပေါ့နော်။ အခုတိုက်နေတဲ့ လေတွေဟာ မနှင်းဆီအိပ်နေတဲ့ လောကဇက်အခြမ်းမယ် ဒီလောက်ထိမကြမ်းတမ်းပဲ သူ့ဆံပင်လေးတွေ ခပ်ဖွဖွလှုပ်သွားရုံ၊ သူလန့်နိုးမသွားပဲ တစ်ချက်လောက် အေးစိမ့်သွားရုံဖြစ်ပြီး သူ့အိပ်မောကျခြင်းထဲမှာလည်း ကျနော့်ကိုသတိရခြင်းတွေ နည်းနည်းပါပါစေ၊ ကျနော် လောင်မြိုက်ခဲ့မိတာ တွေကိုလည်း မေ့နေပါစေပေါ့။ ဒါပေမယ့် ကျနော်ကတော့ မနှင်းဆီကို မခေါ်ပါဘူး။

ပြီးခဲ့တဲ့ရက်အချို့မှာ ကျနော်ဟာ မှုမမှန်တဲ့အိပ်စက်ခြင်းတွေနဲ့ အိပ်နေခဲ့ တယ်။ နေ့ရယ် ညရယ် မသိ။ အိပ်ပျော်လိုက် နိုးလာလိုက်။ ဝေနေတဲ့ပန်းလေး တွေကို လိုက်ကြည့်လိုက် ကြွေတော့မယ့်အရာတွေကို သတိရလိုက်။ ပြန်အိပ်လိုက် ပြန်နိုးလိုက်။ အရက်တွေမူးလိုက် ထမင်းတွေစားလိုက်။

အိမ်ရှေ့မှာထိုင်နေလိုက်။ သီချင်းတွေဖွင့်လိုက် ပြန်ပိတ်လိုက်။ မိုးစက်တွေကိုငေးလိုက် သတိရတယ်လို့ပြောလိုက်။ တစ်ယောက်တည်း ထိုင်နေလိုက် ကြောင်လေးတစ်ကောင်ကို ပွေ့ဖက်လိုက်။ ပြတင်းတံခါးတွေ ထပိတ်လိုက် ပြန်ဖွင့်လိုက်။ ပြန်အိပ်လိုက် နိုးလာလိုက်။ စိတ်တွေဆိုးလိုက် ကိုယ့်ကိုယ်ကိုယ်တောင် မခေါ်မပြောပဲနေနေလိုက်။ စိတ်တွေပူလိုက် သူ့ဘာသာ နေချင်သလိုနေပါစေလို့ တွေးလိုက်။ အဲ့လိုလေ ...။ မနှင်းဆီကော ဒီရက်ပိုင်းဘာတွေလုပ်ဖြစ်လဲဗျ။ ကျနော် သိလို့ရမလား။

ကျနော့်စိတ်ထင် ကျနော်ဟာ ခေတ်အဆက်ဆက် ဒီမနက်ကို စောင့်နေခဲ့တာပဲ ဖြစ်ရမယ်။ နှစ်ကာလတွေက အရမ်းကြာတတ်တာပဲ မနှင်းဆီ။ အခုဆို ဒီနေ့ဟာ မိုးစဲစ မနက်ခင်းတစ်ခုပဲပေါ့ ...။ မနှင်းဆီကတော့ အရင်လိုပဲ ဖြစ်ခဲ့သမျှ အရာရာကိုမေ့ပစ်ပြီး နိုးထလာလောက်ပြီ။ သူ့အိမ်နားက ငှက်ကလေးတွေ အသံအကျယ်ကြီးအော်မြည်ကြရင် ငါ ... မခံနိုင်တော့ ဘူးဟာ ... လို့ ပြောရင်း မောင်းထုတ်နေလောက်ပြီ။သူ့အိမ်ရှေ့ဝရံတာ လေးမယ် မိုးစိုခဲ့တဲ့ မြေရဲ့ရနံ့ကိုရှူရင်း စီးကရက်တစ်လိပ် သောက်နေ လောက်ပြီ။ ကျနော်ကတော့ ဒီမနက်ကို အကြာကြီးစောင့်နေသူပါ မနှင်းဆီ။ ခင်ဗျားလည်း ခင်ဗျားကိုစောင့်နေတဲ့လူတစ်ယောက်ကို သတိရချင်ရနေ မှာပေါ့။ ဘယ်လိုပဲ မာကျောချင်ဟန်ဆောင်နေပါစေ ခင်ဗျားသောက်တဲ့ စီးကရက်ရဲ့မီးခိုးငွေ့တွေထဲမယ် ကျနော့်အကြောင်းမက်တဲ့ အိပ်မက်တွေ ပါချင်ပါနေမှာပေါ့။ ကုန်ကုန်ပြောရရင် အခုလို မနက်အစောကြီး နိုးထ လာတာကိုက ကျနော့်ကိုလွမ်းလို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ကျနော်သိတယ်ဗျ . သိလား။ ဒါပေမယ့်လေ ... ကျနော်ကတော့ ခင်ဗျားကိုမခေါ်ပါဘူး မနှင်းဆီ။

အိပ်မက်တွေထဲမှာဆို လွင့်လို့။ အိပ်မက်တွေထဲမှာဆိုလွင့်လို့ ... မနှင်းဆီရေ။ မနှင်းဆီဟာ အိပ်မက်မက်တတ်သလား။ မနှင်းဆီရဲ့

အိပ်မက်ထဲမယ်ပန်းတစ်ပွင့်ကိုရူးလို့ အဲ့ဒီပန်းဟာ မနှင်းဆီကိုယ်တိုင်ပါပဲလို့တွေးမိသေးလား။ ပြီးတော့ ကျနော် ဘာလို့ မနှင်းဆီကို စိတ်တွေကောက်နေလဲဆိုတာရော တွေးမိသေးလား။ အိပ်မက်တွေထဲမှာဆို လွင့်လို့ပေါ့ မနှင်းဆီ။ ကျနော်က မနှင်းဆီအနားပဲ စက္ကန့်တိုင်း နေထိုင်နေခဲ့တာတဲ့။ ကျနော်တို့က အိပ်မက် ထဲမှာ နီးနီးလေးပဲတဲ့။ နီးနီးလေးပဲတဲ့ မနှင်းဆီ။ ကျနော်နိုးထလာတော့ တကယ်လည်းမဟုတ်ဘူး။ တကယ်လည်းမဟုတ်ဘူး မနှင်းဆီရာ။ ကျနော် ခင်ဗျားကို မခေါ်ပါဘူး။ တကယ်လည်းမဟုတ်ပဲ အိပ်မက်မက်ရတယ်လို့။ ကျနော် ခင်ဗျားကို မခေါ်ပါဘူး။

ကျနော်တော့ အခုရက်ပိုင်းမယ် အိပ်မက်တွေမက်တိုင်း ရှန်းကန်နေရတယ်။ အိပ်မက်ထဲမှာ စစ်ပွဲကြီးတွေဆီပျံသန်းနေရတဲ့ လိပ်ပြာဟာ ကျနော်ပါပဲလို့ သိပြီးခဲ့တဲ့နောက်ပိုင်း ကျနော်အိပ်ရတာ မပျော်တော့တာပဲ။ သတိရတယ် မနှင်းဆီ။ အရမ်းအေးစက်တတ်တဲ့ အကျင့်လေးကိုပြင်ပြီး ကျနော့်ကို ခေါ်ပါဦး။ ကျနော်ကလေ ဒီစကားကိုပြောဖို့ ခင်ဗျားနိုးလာတဲ့ မနက်ထိအကြာကြီးစောင့်ခဲ့ရတာပါ။ အခုဆို ခင်ဗျားကမ္ဘာမှာလည်း မနက်လင်းပြီ မဟုတ်လား။ တကယ်လည်းမဟုတ်ပဲ ကျနော်နဲ့မဝေးပါနဲ့။ တကယ်လည်း မဟုတ်ပဲ ကျနော်နဲ့မနီးပါနဲ့။ ကျနော်လေ ခင်ဗျားကို အရမ်းမုန်းတာပဲ၊ ဒီစကားကိုယုံရင် စိတ်ဆိုးမယ်။ မခေါ်ပါဘူးမနှင်းဆီ သိရဲ့လား၊ ကျနော့်ကို ရယ်စေတဲ့ ပုံပြင်တွေ ပြောပြပါဦး။

ကျနော်လေ ခင်ဗျားကို မခေါ်ပါဘူး၊ ဒါ စိတ်ကောက်လို့ရေးတဲ့စာပါ။ မသိမှာ စိုးလို့။ ကြည်လင်တဲ့ မနက်ခင်းတစ်ခုမယ် အိပ်မက်တွေကနေ ကျနော်နိုးထ လာတဲ့အခါ ခင်ဗျားကမ္ဘာမယ်လည်း မိုးတွေမရွာတော့တဲ့အခါ၊ ကျနော့် ကိုလေ အများကြီးချစ်ပေးပါဦး။ ကျနော်ကတော့ ခင်ဗျားကိုမခေါ်ပါဘူး မနှင်းဆီ၊ သိရဲ့လား။

(၂၆-၄-၂၀၂၀)

*****


လေတွေ အလာမှာ ကျနော်တို့
ပြေးထွက်ကြရအောင်ပါ မနှင်းဆီ ။
ကျနော်တို့ရဲ့ခြေသံတွေကို
သစ်ရွက်တွေရဲ့ ပွတ်တိုက် အော်မြည်မှုအောက်
ဖွက်ထားခဲ့ကြမယ်။
လောကကြီးရဲ့ အိပ်မောကျမှုထဲမယ် တစ်ယောက်ယောက်ကတော့
တိတ်တိတ်လေး ချောင်းကြည့်နေမှာပဲ။

သတိတရ မနှင်းဆီ

ကျနော် ခင်ဗျားကိုလွမ်းနေပါပြီ မနှင်းဆီ။ ပြောပြဦးမယ်။ ကျနော်ကြားဖူးတဲ့ စကားတစ်ခွန်းက သိပ်ကြောက်ဖို့ကောင်းတာ။ နံရံတွေက ဝါးမြိုတတ်တယ်တဲ့။ ပိတ်လှောင်ခံရခြင်းဟာ စွဲလမ်းစေတတ်တယ်တဲ့။ တစ်ခါတရံ ကျနော်တို့ကိုချည်တဲ့ ကြိုးတွေက သိပ်ခိုင်လွန်းလို့မဟုတ်ဘူး။ ကျနော်တို့ ကိုယ်တိုင်က ရုန်းမထွက်ရဲတော့တာတဲ့။ သိလား။ နံရံတွေက မြိုမချလိုက်ခင် ကျနော်တို့ ပြန်တွေ့ချင်ပါသေးတယ်။ အထိတ်တလန့်နဲ့ ပုန်းကွယ်နေထိုင် ရခြင်းကိုများ စွဲလမ်းသွားကြရင် အခြေအနေတွေက သိပ်ကြောက်ဖို့ ကောင်းသွားမယ် မဟုတ်လား။ ကျနော်တို့ တွေ့ကြရအောင်လေ။

ရဲရင့်သော မနှင်းဆီ။ သေခြင်းတရားနဲ့ ငယ်ပေါင်းကြီးဖော် မနှင်းဆီ။ တစ်ကိုယ်တည်းရှင်သန်ရခြင်း အပင်ပေါ်က တစ်ပွင့်တည်းလေးပွင့်သော မနှင်းဆီ။ ကိုယ့်ရန့်ကိုယ်ရှူ၊ လေထုထဲ ကိုယ့်အပွင့်ကိုယ်သာ ဝတ်မှုန် ကူးခြင်းမယ် တစ်ဖက်ကမ်းခပ်သော မနှင်းဆီ။ သူတောင် ဒီကာလရဲ့ ဆွေးမြေ့ ငြိမ်သက်မှုကို မုန်းလှပါပြီတဲ့။ ဒီလိုကြားရတော့ ကျနော့်ဖြစ်တည်မှုလည်း အန္တရာယ်ရှိသွားခဲ့။ တကယ်တော့ ကျနော်လည်း နံရံတွေရဲ့အပွေ့အဖက်ကို

ကြိုးစားတွန်းဖယ်နေရတာ မဟုတ်လား။ ကျနော်တို့ ဝန်ခံကြရအောင် မနှင်းဆီ။ ကျနော် ခင်ဗျားကို သတိရတယ်။

လေတွေအလာမှာ ကျနော်တို့ ပြေးထွက်ကြရအောင်ပါ မနှင်းဆီ။ ကျနော် တို့ရဲ့ခြေသံတွေကို သစ်ရွက်တွေရဲ့ပွတ်တိုက်အော်မြည်မှုအောက် ဖွက်ထား ခဲ့ကြမယ်။ လောကကြီးရဲ့ အိပ်မောကျမှုထဲမယ် တစ်ယောက်ယောက်က တော့ တိတ်တိတ်လေး ချောင်းကြည့်နေမှာပဲ။ ခင်ဗျားတို့လည်း ပြေးကြ တော့လေ ... ဆိုတဲ့ သတင်းစကားကို

အမူအရာနဲ့ပဲပြခဲ့မယ်။ ကျနော်တို့ ကိုယ်ပေါ် ဖိအုပ်ထားတဲ့ ကောင်းကင်ကိုလည်း နောက်ဆုံးခွန်အားနဲ့ တွန်းလှန်ပစ်လိုက်မှာ။ ဒါဟာ သိဒ္ဓတ္ထမင်းသားရဲ့ အနော်မာသောင်ကမ်း ခရီးလို အရမ်းကို နောက်ဆုံးဆန်နေပြီး တိတ်ဆိတ်စွာ ဆူညံပြင်းထန် ချင်လည်း ပြင်းထန်နေမှာပေါ့။ ဒါပေမယ့် ဘယ်သူမှတော့ မသိပါစေနဲ့။ ကျနော် ခင်ဗျားကို အရမ်းသတိရနေပြီ။

တစ်ခါတရံမှာ လွမ်းတတ်ဆွေးတတ်သော မနှင်းဆီ။ မနက်ခင်းတွေမယ် တေးသီချင်းလေးတွေဆိုလို့ ကမ္ဘာမြေကို ပြုံးပြနှုတ်ဆက်တတ်ပါသော မနှင်းဆီ။ အနာတရတွေကြုံတိုင်း ဒါ ဘယ်သူ့ကြောင့်မှ မဟုတ်ပါဘူးလို့ တွေးတောတတ်သော မနှင်းဆီ။ သူအခုလေ အိပ်ခန်းကျဉ်းလေးထဲမှာ ဖျားနာနေပြီတဲ့။ နွေရာသီတွေလာတိုင်းလည်း မိုးရန့်ကိုချေးငှားပြီး ပန်းတွေ ပွင့်အောင် ဖန်ဆင်းရမှာ။ ဒါပေမယ့် မနှင်းဆီအိပ်နေတဲ့ အခန်းလေးအပေါ် တော့ အဲ့ဒီမိုးတွေလည်း အရမ်းတော့ မသည်းစေချင်ဘူး။ တစ်ခုခုဆို သူ အဆင်ပြေရဲ့လားလို့ ကျနော်ပဲ ပြေးကြည့်ရမှာပဲဗျ။ လွမ်းတတ်ဆွေးတတ် သော မနှင်းဆီရေ။ ကမ္ဘာကြီးကို ပြုံးပြချစ်ခင်၊ တစ်ယောက်တည်းလည်း ပွင့်တတ်သော မနှင်းဆီရေ။ ကျနော်တို့ကြားမယ် အရေးတကြီးစကား တစ်ခွန်း ရှိပါတယ်။ ကျနော်လေ ခင်ဗျားကို အရမ်းသတိရတာပဲ။

ဒါဟာ မိုးစဲစမနက်ခင်းတစ်ခုပဲ မနှင်းဆီ။ စစ်အတွင်းမှာ အိပ်ပျော်နေတဲ့ ကလေးတစ်ယောက်လို ကမ္ဘာမြေဟာ တိတ်ဆိတ်နေတယ်။ ကျနော်တို့ လူရှင်းနေတဲ့ လမ်းမကြီးတွေအပေါ်မှာ ပြီးခဲ့တဲ့ညက ဘယ်အပွင့်တွေ ကြွေခဲ့ သလဲလို့ လိုက်ကြည့်ကြရအောင်။ ကျိုးပဲ့သွားတဲ့ တချို့အကိုင်းတွေကို မေတ္တာနဲ့ ပြန်ဆက်ပေးကြရအောင်။ မုန်တိုင်းဟာ ပြီးသွားခဲ့ပေမယ့် တချို့လူတွေရဲ့ရင်ထဲမှာ ဆက်တိုက်နေဦးမှာ။ ကမ္ဘာမြေကိုယ်တိုင်ဟာ ဖျားနေတဲ့ ပန်းချီကားတစ်ချပ်ပဲပေါ့။ ကျနော်တို့ သူ့ကို ချစ်ကြရအောင်လေ။

မြေကြီးကို တူးဆွလိုက်တော့ ပျောက်နေတဲ့ နေ့ရက်အချို့ကို ပြန်တွေ့တယ်။ ပြီးတော့ ကျနော် တိတ်တိတ်လေးရေးပြီး ခင်ဗျားဆီမပို့ဖြစ်ခဲ့တဲ့ စာ အဟောင်းလေး တစ်စောင်။ "ကျနော်တို့ လက်တွေတွဲထားမှဖြစ်မယ်၊ ဒီစကားကို ရင်ထဲမှာသိမ်းပြီး ဒီစာကို ဖျက်ဆီးပစ်လိုက်ပါ၊ အခုဆို တို့တွေ မတွေ့ဖြစ်ကြတာ ဘယ်လောက်ကြာကြာ" တဲ့။ အခုတော့ ဒီစာကို ခင်ဗျား ဆီ တကယ်ပို့မှဖြစ်တော့မယ်။ ကြိုးတွေက သိပ်မခိုင်ခင်

ကျနော်တို့ ရှန်းထွက် ကြမှပဲ။ ရှန်းထွက်ကြမယ် မနှင်းဆီ။ ကျနော် ခင်ဗျားကို လွမ်းနေပါပြီ။

အကြောက်တရားက သိပ်ပင်ပန်းတယ် မနှင်းဆီ။ အန္တရာယ်ကို တို့ထိဆော့ကစားရတာရော ကွေ့ဝိုက်ရှောင်ရှားရတာကရော ပင်ပန်းတာပါပဲ။ နောက်ပြီး အသံတွေကိုမြိုချပြီး ဆွံ့အ နေနေရတာရောပေါ့။ သိပ်ပင်ပန်းတာပဲ။ ကျနော်ဆိုလေ ခင်ဗျားကိုတင်မကဘူး ကိုယ့်ကိုယ်ကိုယ်တောင် ပြန်လွမ်းတတ်နေပြီ။ လူတွေပြောကြတာ ဘယ်အရာမဆို ပြန်မရတော့မှ ပိုတန်ဖိုးရှိတတ်တာမျိုးတဲ့လေ။ ဟုတ်ရောဟုတ်ရဲ့လား။ ကျနော်သိတဲ့ တချို့ အရာတွေကတော့ ပြန်ရလိုက်ရင်လည်း သိပ်ပျော်စရာကောင်းနေဦးမှာ။ နှုတ်ခမ်းတွေ တုန်ရီလာတဲ့အထိ ငိုကြွေးပြီး ကျေးဇူးတင်ပါတယ် ... လို့ တဖွဖွ ပြောနေမိမှာ။ ကျနော်တို့ ပြန်တွေ့ ကြမယ်နော် မနှင်းဆီ။

အခုပဲပြန်တွေးကြည့်မိတော့မှ ကျနော်တို့ဟာ အတိအကျကို တားမြစ်ခံထားရတာပဲ။ အတိအကျကို ခွဲခွာ ခြားနားခံထားရတာပဲ။ အတိအကျကို ဝေးကွာ လွင့်စင်နေကြရတာပဲ။ တိတိကျကျတွေးကြည့်တော့မှ တိတိကျကျ ကို ဝမ်းနည်းဖို့ကောင်းလိုက်တာ။ ငုံ့ထားတဲ့ခေါင်းကို ပြန်မော့ကြည့်မိတော့ အမှောင်ဟာ နောက်တစ်ခေါက်ပြန်ရောက်နေခဲ့ပြီ။ ကျနော့်ကို လှမ်းခေါ် ကြည့်ပါဦး မနှင်းဆီ၊ ကျနော် ဘယ်ရောက်နေပါသလဲ။ ကျနော့်ကို ရှာကြည့် ပါဦး မနှင်းဆီ၊ ကျနော် ဘယ်ပျောက်နေပါသလဲ။

တစ်ခါတရံ ကျနော်တို့ ဆာလောင်တတ်တယ် မနှင်းဆီ။ ပြီးတော့ တစ်ယောက်တည်းဆို ချမ်းနေတတ်တယ်။ ကျနော်ရှင်သန်ဖို့ ခင်ဗျားကို လိုအပ်တယ်ဆိုတာ အခုပဲ ပိုသေချာလာတဲ့အကြောင်းပေါ့။ စောစောက ပြောခဲ့သလို အကြောက်တရားက သိပ်ပင်ပန်းပါတယ် မနှင်းဆီ။ တစ်ယောက်ချင်းစီဖြစ်ဖြစ်၊ ဖြစ်နိုင်ရင် နှစ်ယောက်အတူပဲဖြစ်ဖြစ် ပြီးဆုံး သွားချင်တယ်။ ဒီစကားက တစ်ဘဝစာပူပန်မှုမျိုးနဲ့တော့ ပြောလိုက်တာ မဟုတ်ဘူး။ ဘဝအဆက်ဆက် ကျနော်တို့ ပင်ပန်းခဲ့ကြပြီးပြီမဟုတ်လား။ အခုဆို လေတွေကလည်း တိုက်နေတယ်လေ။ ကျနော်တို့ လေ့ပေါ်ကို တက်ကြပါစို့။

ကျနော် ခင်ဗျားကိုလွမ်းနေပါပြီ မနှင်းဆီ။ ဒီမနက်စောစောမှာပဲ အန္တရာယ်

ကင်းသော လွတ်လပ်မှုဆီသွားကြမယ်။ တကယ်ယုံကြည်ချင်စရာကောင်း တဲ့ ပန်းတိုင်တစ်ခုကလည်း ရှိနေတယ်။ ဒါကို မနင်းဆီလည်းသိပါရဲ့။ မနင်းဆီဟာ မနင်းဆီရဲ့ အရင်ပုံစံအတိုင်းပဲ ရဲရင့်။ ကျနော်ကလည်း ခိုင်မာစွာထုတ်ပိုးထားတဲ့ နှလုံးသားနဲ့ ခင်ဗျားမောင်ရင် အိပ်စက်ဖို့ ပခုံးများနဲ့။ ဆိုတော့လည်း ဒီခရီးက ဝေးတော့ဝေးတယ် မနင်းဆီ။ ဒါပေမယ့် ကျနော်တို့သွားကြမယ်။ စက္ကူလှေလေး ရေမစိုခင်လည်း အားစိုက်လို့ လှော်ရမယ်။ ကျနော်တို့ သွားကြပါစို့။

သတိတရပေ့ါမနင်းဆီ။ သတိနဲ့ကပ်ထားတဲ့ သတိတရပေ့ါ။ ကျနော်တို့ကို နံရံတွေက မြို့မချလိုက်ခင် အမြန်ဆုံးထွက်သွားကြမယ်လေ။ ဒီရက်ပိုင်းတွေ မယ် ကျနော်လည်း ခင်ဗျားကို သိပ်လွမ်းနေပါပြီ။ မနင်းဆီလည်း ရိပ်မိမယ် ထင်တာပဲ၊ အထိတ်တလန့်နဲ့ ပုန်းကွယ်နေထိုင်ရခြင်းတွေကိုများ စွံလမ်း သွားကြရင် အခြေအနေတွေက သိပ်ကြောက်ဖို့ကောင်းသွားမယ်မဟုတ်လား။

(၂၉-၃-၂၀၂၀)

✳✳✳✳✳

ဒေါသ သင့်နေတဲ့ တိမ်တွေလည်း
ချစ်ခြင်းကြောင့် ပြိုကျခဲ့။
ကျနော်တို့ ပြန်ခေါ်ကြမယ်။
မနှင်းဆီရယ်
ကျနော်က ဘာကောင်မို့လဲ ။

ကျနော် မှားသွားတယ် မနှင်းဆီ

ကျနော်မှားပါတယ် မနှင်းဆီ။ မြစ်တစ်စင်းလို အမြဲစီးဆင်းနေရမယ်လို့ ထင်ခဲ့တာလည်း မှားသွားတယ်။ အမေပြန်လာမှာကိုမျှော်တဲ့ သားလို မေတ္တာ ဟာ ပိုင်ကောင်းတဲ့အရာလို့ ထင်ခဲ့တာလည်း မှားသွားတယ်။နောက်ပြီး ကျနော့်ဖက်ကလည်း တစ်ခုခုဆို အရာရာကို ဆူပွက်၊ သွေးအစက်စက် တထိတ်ထိတ်နဲ့ အသေးစိတ်ဆွတ်ခူး၊ မနှင်းဆီနဲ့ပတ်သက်ရင် အရာရာကို အလွန်အကျူးခံစားတတ်တာလည်း အလွန်မှားတယ်။

တချို့ရထားတွေက လွှတ်ပေးလိုက်ရမှာ၊ လက်ပြမျှော်ကြည့်၊ ကျနော် လိုက်ပါရစေဆိုတာလောက်ပဲ ရိုကျိုးခွင့်တောင်းရမှာ။ အခုတော့ ကျနော်က လက်နှစ်ဖက်ကိုဆန့်တန်း၊ အဲ့ဒီရထားကြီးကို ဆီးဖမ်းလိုက်သလို။ မနှင်းဆီ ရယ် ကျနော်က ဘာကောင်မို့လဲ။ ကျနော်က ဘာကောင်မို့လို့လဲဗျာ။ သေသာသွားမယ်။ သေတောင်သေသွားဦးမယ်။ ကျနော် တကယ်မှားပါ တယ်။

ရေလိုလည်းမအေးမြတတ် နစ်မွန်းဖို့သက်သက်ပဲလို့ ထင်လိမ့်မယ်၊ ကျနော့် ကိုလေ။ ပြီးတော့ ဆောင်းမီးဖိုလေးလိုလည်း မနွေးထွေးပေ။ အလိုက် ကန်းဆိုးမသိတဲ့ ရှို့မီးပဲလို့ ထင်လိမ့်မယ်။ ကျနော်မှားပါတယ် မနှင်းဆီ။ ကျည်ဆံပေါ်တဲ့ သေနတ်သမားတွေနဲ့ ချောင်းပစ်တတ်တဲ့မြားတွေကိုလည်း ကျနော်ကြောက်ပါတယ်။ နောက်ပြီးသူတို့က မနှင်းဆီကမ္ဘာထဲဝင်လာတဲ့ ကျနော့်ကို ခြောက်လှန့်တတ်သော သရဲတွေ။ မနှင်းဆီရယ် ကျနော်က ဘာကောင်မှမဟုတ်ပါဘူးဗျာ။ မခေါ်ချင်တာကို ခေါ်နေတယ်ထင်တာက တော့ တော်တော်မှားသွားတယ်။

တကယ်တော့ မနှင်းဆီရယ် ဒါက တောင်းပန်တဲ့စာပါ။ ဟိုးအနောက်မှာ တစ်ယောက်ယောက်များ ရပ်စောင့်နေလား။ ကျနော်ကလေ မသိခြင်းကို မရှိခြင်းလို့

ထင်နေခဲ့တာ။ အခုဆို ဘာမှမမြင်တော့တဲ့ အမှောင်ထဲမှာ မနှင်းဆီကိုပဲ သတိလက်လွတ်ပွေ့ဖက်၊ ကျနော့်အသက်ကို ဘယ်နားမှာ သိမ်းထားပါသလဲ။ ခွင့်လွှတ်နော် မနှင်းဆီ၊ ကျနော့်ရဲ့ အသက်ကိုလေ ဘယ်နားမှာ သိမ်းထားပါသလဲ။

အခက်ခဲဆုံးဆိုတဲ့ တရားပေါ့၊ ဥပေက္ခာထားပေးလို့ ကျေးဇူးတင်တယ်။ ကျနော်က ဘာကောင်မို့လို့လဲ မနှင်းဆီ ...။ "စတာပါကွာ ကိုယ်က ဒရာမာ တွေခင်းလိုက်တာ ..." တဲ့၊ ခင်ဗျားသနားအောင်လေ ပြောဖြစ်တာ ပေါ့ပေါ့ ပါးပါး။ ဒီလိုပြောတဲ့စကားတွေထဲ မိုးတွေရွာနေတဲ့ လွင်ပြင်ကြီးရှိမယ်။ ဘာတွေဆက်ဖြစ်မလဲဆိုတဲ့စိတ်နဲ့ အကြာကြီးတိတ်ဆိတ်၊ ကိုယ့်ဇာသာ ပြန်ချောင်းကြည့်နေရတဲ့ အပေါက်လေးလည်းရှိမယ်။ ဒီလိုလွမ်းရတဲ့ဇာတ်ထဲ ကျနော့်ကို တကယ်သေစေတဲ့ အကြောင်းတရားတွေရော ဘယ်လောက် များပါနေမယ်တဲ့လဲ။ မြင်အောင်ကြည့်ပါ မနှင်းဆီ။ ဒါက တောင်းပန်တဲ့စာပါ။

နော်တို့ ပြန်ခေါ်ကြရအောင်လေ မနှင်းဆီ။ ကျနော့်ရဲ့ မသိခြင်းတွေ။ ကျနော် ကျနော့်ရဲ့ မရှိခြင်းလို့ထင်ရတာတွေ။ ၊ အကြာကြီးလွဲပြီး အကြာကြီး အထင် မှားနေခဲ့ကြတာတွေ။ တကယ်တော့လေ မနှင်းဆီရေ ကျနော့်ပျော်ရွှင်ခြင်းက ခင်ဗျားရဲ့ လက်တစ်ကမ်းမှာများ ရှိနေလိမ့်မလား။ သေချာလေး ရှာကြည့် ပေးပါဦး။ ကျနော်ကလေ ကျနော့်ကိုယ်ကျနော် မမှတ်မိတတ်လို့ပါ။ ခင်ဗျားကိုဗျာ ဟိုတလောကတွေ့တဲ့ အရမ်းသေးငယ်တဲ့ သစ်ရွက်လေးလို။ အိမ်ပြန် လာတဲ့ ညတစ်ညရဲ့ လမ်းမီးတိုင်နားက ရွာပြီးသား မိုးစက်လေးလို။ ခဏ လေးလောက်ပဲ မတော်တဆ စိတ်ဆိုးခဲ့ဖူးတာ သိလား။ အခုတော့ ကျနော် မှားတယ်လို့ ခံစားနေရပြီ။

ကျနော်မှားပါတယ် မနှင်းဆီ။ မြစ်တစ်စင်းဟာ အမြဲစီးဆင်းနေရမှာပဲ။ မေတ္တာဆိုတာ ကိုယ့်ဇက်ကပဲ ပေးရမယ့်အရာဆိုတာ ကျနော်သိခဲ့ပြီ။ ကျနော် မှားသွားတယ် မနှင်းဆီ။ တချို့အရာတွေက ကျနော်ရခဲ့ပါတယ်လို့ပဲ ကျနော် တွေးလိုက်ရမှာ။ တကယ်ဆို မနှင်းဆီဟာ အခုလေးတင်မှ မသေပဲ ပြန်ပွင့် လာတဲ့ ပန်းတစ်ပွင့်ပဲမဟုတ်လား။

ကျနော်မှားသွားပြီထင်တယ် မနှင်းဆီ။

ဒေါ်သသင့်နေတဲ့တိမ်တွေလည်း ချစ်ခြင်းကြောင့် ပြိုကျခဲ့။

ကျနော်တို့ ပြန်ခေါ်ကြမယ်။

မနှင်းဆီရယ် ကျနော်က ဘာကောင်မို့လဲ။

(၁၅-၅-၂၀၂၀)

✻✻✻✻✻

ဘဝဟာ နှလုံးသားနဲ့
နေ့စဉ်ဖြတ်လျှောက်ရတဲ့လမ်းကလေးပဲ။
အခုလို မိုးတွေ သည်းတဲ့ညတွေပြီးရင် ပန်းတွေ ပွင့်တဲ့
မနက်ခင်းတွေရောက်လာမှာ။
တစ်ယောက်တည်းဖြစ်နေတယ်လို့ မထင်ပါနဲ့
မနှင်းဆီရေ ချစ်ကြည်စွာ

မနှင်းဆီရေ ချစ်ကြည်စွာ

စိတ်ကလေးကိုကြည်အောင်ထားမယ် မနှင်းဆီ။ ချစ်တဲ့သူဆိုတာ ချိုတာတွေပဲပေးချင်တဲ့ နှလုံးသားနဲ့မဟုတ်လား ...။

ကျနော့်မယ် မနှင်းဆီကို သိပ်ချစ်တာပဲလို့တွေးပြီး အိပ်သွားခဲ့တဲ့ ညတွေရှိတယ်။ မကျေနပ်တဲ့စိတ်နဲ့တနုံ့နုံ့ အမှုန်အမွှားလေးကအစ လိုက်ပြီး တိုင်းထွာ၊ ကလေးတစ်ယောက်လို စိတ်တွေကောက်ခဲ့တဲ့ ညတွေလည်း ရှိတယ်။ ဒါပေမဲ့ မနှင်းဆီ။ အချိန်တန်ရင် ကျနော့်စိတ်ကို ကျနော်ရှင်းထုတ်၊ ကျနော့်နှလုံးသားကို ကျနော်ကြည်နေအောင် သန့်စင်၊ ခင်ဗျားအတွက်ဆို ကျနော်က ဒီလိုပဲဖြစ်နေရမှာ။ ဘဝတစ်လျှောက်လုံးလည်း ကိုယ်စီ ကိုယ်စီ နာကျင်ခဲ့ကြပြီးပြီ မဟုတ်လား။

မနှင်းဆီရေ ဒီဘဝမယ် ကြည်လင်စွာ။

မနှင်းဆီရေ ခင်ဗျားရဲ့ စိတ်နဲ့ခန္ဓာ၊ နောက်ပြီး နှလုံးသားရောပေါ့။ မအားလပ်တော့လောက်အောင် အလုပ်တွေများ၊ အရမ်းကိုနွမ်းနယ်နေတဲ့ ညတွေ

တိုင်းလည်း ကျနော်က ထပ်တူစိတ်ပူနေမှာ။ ခင်ဗျား အခုဆို အရမ်းကိုပင်ပန်းပြီး အိပ်ပျော်သွားတာလား။ ဒါမှမဟုတ် ဘာကိုမှ မကြားချင်တော့လောက်အောင် ရှုပ်ထွေးပြီး ကျနော့်ကိုပါ သတိမရတော့တာလားပေါ့ဗျာ။ ခင်ဗျားအိပ်ရာဘေးက အညိုရောင်ဝက်ဝံရုပ်လေးကတော့ ဒီလိုညမှာ ခင်ဗျားအနားရှိနေခွင့်ရမှာ။ ကျနော် မနာလိုလိုက်တာ။ ဒါပေမဲ့ ဒီကောင် လေးက သက်မဲ့လေးပါကွာ ... လို့ ဖွတ်အတင်းတွေတွေးပြီး ခွင့်လွှတ်ပေးရဦးမှာပဲ။ နောက်ဆိုရင်တော့ ကျနော်တစ်ယောက်ပဲ ခင်ဗျားအနားက တစ်ဦး တည်းသော သက်ရှိလေးအဖြစ် အမြဲရှိနေလိုက်တော့မှာ။ မနှင်းဆီရေ ... သိလား။

ပန်းလေးတွေ စိုက်မယ်ပေါ့ကွာ။ ကိုယ်တို့ဘဝကို မွှေးမွှေးပျံ့ပျံ့လေး ဖြတ်သန်းသွားမယ်ပေါ့ကွာ။ စိတ်လုံခြုံမှုတွေအားလုံးကို ပန်းတစ်ခင်းထဲ ထည့်ထားမယ်။ မင်းလည်း ပျော်ရွှင်ပါစေ။ ကိုယ်လည်း လန်းဆန်းပါစေ။ မနက်ခင်းမယ်ပွင့်တဲ့ ပန်းတွေလိုပေါ့။ အဲ့ဒီလို ချစ်တယ် မနှင်းဆီ။ ကျနော် အဲ့ဒီအပွင့်ကိုရဖို့ အများကြီးပျိုးခဲ့ရတယ်ဗျ ...။ ခင်ဗျားသိဖို့ပဲ လိုတာပါ။

မနှင်းဆီရေ မနက်တွေတိုင်းမယ် လန်းဆန်းစွာ။

ဒီည တွေးနေမိတာကတော့ ကိုယ့်အတွက်ဖန်ဆင်းထားတဲ့ နံရိုးလေးရဲ့ အနီးမှာ ... ဆိုတာပဲ။ ကျနော်က နီးစပ်ရမှုတွေကို ချစ်ပါတယ်။ ဝေးဝေး မနေပါနဲ့ မနှင်းဆီ။ စိတ်လက်ကြည်သာစွာ ရှိနေတဲ့အခါပေါ့။ ခင်ဗျား အခန်းထောင့်လေးမယ် ထောင်ထားတဲ့ Ukelele လေးတီးလို့၊ ဝေးနေတဲ့ အမှတ်နှစ်ခုကို ဂီတနဲ့ချည်နှောင်လို့၊ You are my sunshine သီချင်းလေး ဆိုပြပါဦး။ တိတ်ဆိတ်အေးမြတဲ့ ညတစ်ညမယ်လေ။ နှလုံးသားကို ကြည်နေ

အောင်ရှင်းပြီး အိပ်ပစ်ခါနီး ညတစ်ညမယ်လေ။ ပြီးတော့ ကျနော့်ကိုလေ။ ဆိုပြပါဦး။

မနှင်းဆီရေ တေးဆိုပါ။

တကယ်တော့လေ ကိုယ်က မင်းဘဝထဲ ဝင်ကြည့်နေခဲ့တာ။ မင်းဘယ်လောက် အထီးကျန်ခဲ့ရတယ်၊ ဘယ်လောက် ပြန်လည်ရုန်းထခဲ့ရတယ်ဆိုတာတွေ သိခဲ့ရတယ်။ မင်းရေးထားတဲ့စာလေးတွေ တစ်ကြောင်းဖတ်မိတိုင်း သက်ဆိုင်ရာ နေ့စွဲတွေကို ပြေးပြေးကြည့်၊ အဲ့ဒီရက်က ငါ ဘာတွေများ လုပ်နေခဲ့တာလဲလို့ ပြန်တွေးနေမိတာ။ ပြီးတော့ ကိုယ့်မှာတာဝန်ရှိတယ်လို့ တွေးမိတယ်ပေါ့ကွာ။ ပြည်သူနဲ့ အစိုးရလိုပေါ့။ ပြီးတော့ မင်းပြောခဲ့သလို အကိုက မင်းဇက်ကနေ အသေနာတတ်တဲ့လူပဲနေမှာ။ တကယ်တမ်းလည်း လောကချောက်ကမ်းပါး တွေက နက်ပါတယ်။ ထားပါတော့ကွာ။ ချစ်တယ်။ သိလား။

မနှင်းဆီရေ ချစ်လို့ပါ။

အိမ်ရှေ့ဝရံတာလေးမယ် စိမ်းစိမ်းစိုစို ပန်းပွင့်သေးသေးလေးတွေ စိုက်ပါဦး

ကွာ။ ပန်းဆိုတာကလည်း ရန့်တော့ရှိမှပေါ့။ မင်းထိုးတဲ့ မင်းအခန်းလေးရဲ့ ဘုရားပန်းတွေလိုလေ။ ဒါပေမဲ့ ပန်းတွေရဲ့ တကယ့်ရန့်ကတော့ ရှင်သန် ပွင့်လန်း ဝေဆာနေခြင်းပဲ ဖြစ်မယ်နော်။ ဒါကို မနှင်းဆီလည်းသိမှာပါ။ မင်းသိမှာ။ ကိုယ်လိုချင်တာကလေ ဒီလိုကွာ။

မနက်ခင်းလေးတစ်ခုမှာ မင်းနိုးထလာမယ်။ မနေ့တုန်းကဆိုတာ မရှိခဲ့ဘူးလို့ မင်းတွေးထားမယ်။ မင်းနှလုံးသားပေါ် ရွာချခဲ့ပြီးတဲ့ မိုးစက်တွေတိုင်းကိုလည်း

ဉာဏ်ပညာအဝတ်နုနုလေးနဲ့ သုတ်သင်ထားမယ်။ ပြီးတော့ မင်းခေါင်းထဲမှာ ပေါ်လာတဲ့ ရောက်ရာပေါက်ရာ သီချင်းလေးတစ်ပိုင်းတစ်စ မင်းဆိုညည်းမယ် ပေါ့ကွာ။ ဖျော်ပြီး ခဏအအေးခံထားတဲ့ ကော်ဖီခပ်နွေးနွေးလေး တစ်ငုံ သောက် သောက်မယ်ပေါ့ကွာ။ ဒီလိုနဲ့ မင်း အိမ်ရှေ့ဝရံတာလေးကို ရောက် လာမယ်။ မနေ့က ရေလောင်းပေးထားတဲ့ ပန်းပင်လေး ရှင်သန်ပွင့်လန်း နေတာ အမှတ်တမဲ့နဲ့ မင်း တွေ့သွားမယ်။ မင်းပျော်သွားမယ်ပေါ့ကွာ။ ပန်းလေးတွေပွင့်နေတာမြင်ရင် မင်းပျော်မှာပါ မနှင်းဆီ။ မင်းကိုယ်တိုင်က လည်း ရှင်ကိုရှင်သန်ရမယ့် ပန်းလေးတစ်ပွင့်ပဲမဟုတ်လား။

မနှင်းဆီရေ ရှင်သန်ပါ။

အကိုတို့က စိတ်ကလေးတွေကို ကြည်နေအောင်ပဲ ထားရမယ်မဟုတ်လား။ အကိုက မင်းကိုချစ်နေတော့ အချစ်ခံရတဲ့ နှလုံးသားအကြောင်းပဲ မင်း နားလည်မှာ။ ပြီးတော့ ချိုတာတွေပေးတဲ့အခါတိုင်း မင်းဇက်ကလည်း ကြည်လင်စွာ။ မနှင်းဆီရေ ကြည်လင်စွာ။ ကိုယ့်ဇက်က စခေါ်တိုင်းလည်း လေပြေလေးတွေပျိုးလို့ပေါ့။ ဟေး ... မနှင်းဆီရေ လတ်ဆတ်စွာ။

အခုဆို မိုးရွာပြီးစ မနက်စောစောမို့ သစ်ရွက်လေးတွေဟာ သူ့အရောင် အတိုင်းပဲ ရှိနေတာ။ မင်းလည်း နှစ်ခြိုက်စွာအိပ်ပျော်သွားခဲ့ပြီး အကိုကတော့ ကောင်းကင်တစ်ခုရဲ့ တိမ်တွေပြယ်စအရောင်ကို ငေးနေမိတယ်။ တိမ်တွေ ပြယ်စအရောင်ဆိုတဲ့စကားကို မင်းကြားရင် ထူးဆန်းနေမလားပဲ။ မိုးစက် တွေ ဘယ်လောက်အဝေးကြီးကနေလာပြီး သစ်ရွက်တွေ ဘယ်လောက် ကြာကြာ အိပ်နေခဲ့ရလဲဆိုတာ မင်းသိရင်တော့ကောင်းမှာ။ ကောင်းကင်ဟာ ဘာမှမရှိတဲ့အခါ လွတ်လပ်စွာ ပြာလဲ့လို့။

ဘဝဟာ နှလုံးသားနဲ့ နေ့စဉ်ဖြတ်လျှောက်ရတဲ့ လမ်းကလေးပဲ။

အခုလို မိုးတွေသည်းတဲ့ညတွေပြီးရင် ပန်းတွေပွင့်တဲ့ မနက်ခင်းတွေ ရောက်လာမှာ။

တစ်ယောက်တည်းဖြစ်နေတယ်လို့ မထင်ပါနဲ့။

မနှင်းဆီရေ ချစ်ကြည်စွာ။

(၁၃-၆-၂၀၂၀)

❊❊❊❊❊

ဟယ်လို ကျနော်ပါ ။ စစ်ငြိမ်းပါ။
ကျောင်းအမရေ။
ချစ်ရတဲ့ ၂၈နှစ်သမီးလေးရေ
မေးပါရစေ...။ ဒီတစ်ခေါက် ကျနော့်အသံ
ကြည်လင် ချိုသာရဲ့မဟုတ်လားခဗျာ။



မနှင်းဆီရေ ကျနော်ပါ

ဟယ်လို ကျနော်ပါ စစ်ငြိမ်းပါ။ လေတိုက်တဲ့ညတွေဆို မလှမ်းမကမ်းက မြို့လေးကို လွမ်းတတ်တဲ့ မတည်ငြိမ်သူ အဖိုးအိုလေးပါ။ သီချင်းတွေလည်း မဆိုတတ်ပဲ တစ်စုံတစ်ယောက်ကို ချော့မြူချင်နေတဲ့ အရောင်ဖျော့ဖျော့ ငှက်ကလေးပါ။ စကားလုံးတွေကို ထုတ်သိမ်းပွေ့ဖက်၊ ရည်ရွယ်သူဆီ ရောက်ပါစေလို့ ဆုတောင်းပေးတတ်တဲ့ အညိုရောင်စာအိတ်တစ်လုံးပါ။

ဟယ်လို ကျနော်ပါ။ စစ်ငြိမ်းပါ။ ဒီစကားတွေ ကျနော် ဘယ်သူ့ကို ရည်ရွယ် နေတယ်ဆိုတာ ခင်ဗျားများ သိခဲ့ရင်ပေါ့။ သွားပြောပြပေးပါလား။ ကျနော် လေ အမှောင်ထုကိုငေးရင်း ဝီစကီမသောက်ရတာ ကြာပြီလို့ ...။

ဟယ်လို ကျနော်ပါ စစ်ငြိမ်းပါ။ လေငြိမ်တဲ့မနက်ခင်းတိုင်း သူ့ဆီကိုပျံနေတဲ့ ငှက်ကလေးပါ။ လွမ်းစရာသီချင်းတစ်ပိုင်းတစ်စကို ကြားရတိုင်း စာအိတ် ကလေးနဲ့ထည့်လို့ သူ့မြို့လေးဆီ ပို့ချင်တဲ့စိတ်နဲ့ သာမာန်လူသား တစ်ယောက်ပါ။ သတိရတဲ့စိတ်နဲ့ တိတ်ဆိတ် ဘာကြောင့်ပါလို့ ရှင်းမပြ တော့ပဲ အိပ်ပစ်လိုက်တဲ့ ညနက်နက်တစ်ခု ကိုယ်တိုင်ရယ်ပါ။ ရှာသွန်းရတာ ပျော်တဲ့တိမ်တွေနဲ့ မနေ့ကစပြီးမခေါ်တော့တဲ့ စိတ်လေနေတဲ့ မိုးဥတုပါ။

ဟယ်လို မနှင်းဆီရေ ကျနော်ပါ။

ကြည့်ပါဦး ကျနော်ပါ။

မကုန်ခမ်းသေးတဲ့မိုးစက်တွေအောက်မှာ အတိတ်ဘဝတွေကိုချည်း ကြိုးနဲ့ သီပြီး ရုပ်ရှင်တစ်ကားရိုက်မည့်သူပါ။ သူ့ရဲ့ ၂၈ နှစ်သမီးဆီ ခရီးအရှည်ကြီး တွေဖြတ်ပြီး အပြေးပြန်လာရတဲ့ ခြေသံသဲ့သဲ့ပါ။ စိတ်မကောင်းဖွယ်ရာတွေကို မီးပုံရှို့ပြီး

သူ့လက်ဖဝါးလေးကိုနွေးစေမည့် ချမ်းနေတဲ့သိုးကျောင်းသားပါ။ ဟယ်လို ကျနော်ပါ။ စစ်ငြိမ်းပါ။ ၂၈ နှစ်သမီးရေ တံခါးဖွင့်ပါ။

ဟယ်လို ကျနော်ပါ စစ်ငြိမ်းပါ။

ဆောင်းရာသီရောက်တိုင်း နှင်းတွေနဲ့စိတ်ကောက်တတ်တဲ့ နေမကောင်းသော ပြတင်းပေါက်လေးပါ။ တောမီးလောင်တိုင်း ခင်ဗျားကိုလွမ်းရတဲ့ အဖော်အပေါင်းမရှိ မီးခိုးငွေ့ပါ။ စားစရာမရှိတဲ့ ၁၈ ရာစု အနုပညာရှင်ပါ။ ခေါ်ချင်ပြောချင်ကြရက်နဲ့ တတူတူ အော်မြည်ပြတ်ကျသွားတဲ့ ဖုန်းတစ်ကောလ် ရယ်ပါ။ ပြီးတော့ ဘယ်သူမှမပို့ပဲနဲ့ ရောက်လာပြီး ဖွင့်ဖတ်လိုက်တာနဲ့ ငိုနေရတဲ့ စာတစ်စောင်ပေါ့။

ကျနော်ပါ။ စစ်ငြိမ်းပါ။ ချစ်သော ၂၈ နှစ်သမီးလေးရယ် ကျနော့်ကို ခေါ်ပါဗျာ။

မသိခြင်းက လောကမှာ အဆိုးဆုံးပါပဲတဲ့ကလေးရယ်။ သူ့ထက်ဆိုးတာ တစ်ခုခုများ ရှိခဲ့ရင်တော့ မျှော်လင့်ခြင်းပါပဲတဲ့။ ၂၈ နှစ်သမီးလေးရဲ့။ ကိုယ့်ရဲ့ ချစ်သော၂၈ နှစ်သမီးလေးရဲ့။ ဘယ်သူပြောတာလဲဆိုတော့ အကိုပြောတာ ပါ။ ကိုယ်လေ မင်းကိုမသိဘူး။ ပြီးတော့ မျှော်လင့်တယ်။ အဲ့ဒါ ဆိုးတယ်နော်။

ထုံးစံအတိုင်းပြောရရင်။ ဟယ်လို ကျနော်ပါ စစ်ငြိမ်းပါပေါ့ ...။ မနှင်းဆီရေ ကျနော်ပါဗျာ။

ဟယ်လို ကျနော်ပါ စစ်ငြိမ်းပါ။ အိပ်မက်တွေကို ချည်ပုဝါလေးနဲ့ထုတ်ပြီး သူ့အိမ်ဝရံတာလေးဆီ လာချထားပေးချင်သူပါ။ တံခါးတွေကိုတော့ သူပဲ ဖွင့်ပေးရမှာပေါ့။ ဟယ်လို ကျနော်ပါ။ ကိုကိုပါ။ စစ်ငြိမ်းပါ ...။ မနှင်းဆီရေ။ ကောင်းအမရေ။ ၂၈နှစ်သမီးလေးရေ ...။ ဝင်ခွင့်ပြုပါ။

အိပ်ပျော်နေတဲ့ လည်ပင်းကသွေးကြောလေး တလှုပ်လှုပ်ဖြစ်နေတာကအစ စိတ်ပူရတယ်။ အိပ်မက်တွေထဲမှာ ဘာများ အဆင်မပြေတာရှိမလဲပေါ့။ အလင်းအနန့်တွေရနေတဲ့ ညတစ်ညမှာ သင်းပျံ့တဲ့ပန်းတွေပဲ မင်းကိုရရှိစေချင် တယ်လေ ကိုယ်က။ အိပ်ပျော်နေတဲ့ လူတစ်ယောက်ရဲ့ နှလုံးသားနဲ့ မှတ်ဉာဏ်ထဲ ဘယ်လမ်းကနေ ဝင်လို့ရပါသလဲခင်ဗျာ။ ဖြစ်နိုင်မယ်ဆို အိပ်မက်တွေထဲအထိ ကျနော် ပန်းတွေဝင်ပေးချင်ပါတယ်။

ဟယ်လို ၂၈နှစ်သမီးလေးရေ ကျနော်ပါ။ သယ်ယူလာခဲ့သမျှ ပျော်ရွှင်ခြင်း တွေကိုတော့ မင်းအခန်းတံခါးဝလေးမှာ ချထားခဲ့မယ်။ အဲ့ဒီပျော်ရွှင်ခြင်းရဲ့ ရနံ့တွေပဲ မင်းအိပ်မက်တွေထဲထိ ရောက်နိုင်ပါစေ။

မနှင်းဆီရေ။ ခွင့်လွှတ်တတ်မှုနားဆွဲလေးရဲ့ အရောင်ကြောင့် ဝှက်သိကွာ ပါးပြောင်နေသူရေ။ အမှောင်ညကို ခေါက်သိမ်းပြီး မနက်ခင်းကို နေကြာပန်း တွေနဲ့ လင်းစေတတ်သွားသူလေးရေ။ လောကရဲ့ပါးပြင်ကို နှလုံးသားနဲ့ နမ်းလို့ သစ်ရွက်လေးတွေကိုကအစ သိပ်ချစ်တတ်သူရေ။ အရင်လိုပဲ ပန်းတွေပွင့်တာ ပြေးပြေးကြည့်ပြီး ပေါ့ပေါ့ပါးပါး ရယ်နေဦးမယ်မဟုတ်လား။ ခရီးလေးတွေထွက်တိုင်းလည်း ကျနော့်ကိုခေါ်နော်။ ကျနော်က စစ်ငြိမ်းပါ။ အနားမယ်ခေါ်ထားပေးပါ ချစ်တဲ့ကျောင်းအမလေးရယ် .... ပေါ့ဗျာ။

ဟယ်လို ကျနော်ပါ စစ်ငြိမ်းပါ။ သိပ်ပင်ပန်းနေတဲ့သူကိုမှ သတိရစိတ်နဲ့ ပစ်ပေါက်၊ လွန်ခဲ့တဲ့နာရီပိုင်းကအထိ အတူရှိနေခဲ့တာကိုမေ့ပြီး "မအိပ် သေးပါနဲ့လား မနှင်းဆီ ..." ပေါ့။ ဒီလိုပြောမိတော့မလို့။ အဲ့ဒီလို ပြောလိုက် မိတော့မလို့။ သတိရကြောင်းတွေ။

ကျနော်ကလေ မိုးမိထားတဲ့ညတစ်ညရဲ့ ဈေးပေါ်ပေါ် ရမ်တစ်ခွက်ပါ။ ဆယ်စုနှစ်တစ်ခုစာလောက် မသောက်ဖြစ်တော့ပဲလွမ်းနေရတဲ့ စီးကရက် မီးခိုးငွေ့ပါ။ ကိုယ့်တိုင်းပြည်ကိုယ်ပြန်လာချင်နေတဲ့ ကက်ဆက်တိတ်ခွေ အဟောင်းလေးပါ။ ကျနော်ကလေ ကျနော်က။ မနှင်းဆီများ ပျောက်သွားရင် လူတစ်ယောက်လိုငိုမယ့် အညိုရောင်ခွေးကလေးပါဗျာ။

၂၈နှစ်သမီးရေ။ အခုလိုပျော်နေတဲ့ညတစ်ညရဲ့ရီဝေသော မီးခိုးငွေ့လေးရေ။ အသိအမှတ်ပြုခံရတဲ့ ချစ်ခြင်းမေတ္တာတိုင်းအတွက် ကျေးဇူးတင်တယ်။ ဆွေးမြှေ့ဝမ်းနည်းနေခဲ့ရတဲ့ ညတိုင်းအတွက်လည်း စစ်လျော်ကြေးပေးကြ မယ်။ ဘာပဲဖြစ်ဖြစ် လောလောဆယ်တော့ အနားမယ်အတူရှိနေကြတဲ့ သံသရာရဲ့ အစက်အပျောက်လေးတွေပဲ မဟုတ်လား၊ မြေပုံပေါ်မယ် တစ်လက်မဆိုတာ တော်တော်ဝေးပါတယ်။ ကျောင်းအမရေ။ ချစ်သော ၂၈ နှစ်သမီးလေးရေ၊ ကျနော့်အနားမယ် နေပါ။

ဟယ်လို ကျနော်ပါ။ သူ့အသံကိုလွမ်းနေတဲ့ ဝေးဝေးက နားရွက်ဖျားလေးပါ။ အမြဲအတူရှိချင်နေတဲ့အကြောင်းပဲ ညတိုင်းအသံလွှင့်လို့၊ အဲ့ဒီလို ခပ်ဆိုးဆိုး ရေဒီယိုအဟောင်းလေးပါ။ ဟယ်လို မနှင်းဆီရေ၊ ချစ်ရတဲ့ စိမ်းဝါစို သစ်ရွက် လေးရေ။ ကျနော့်ချန်နယ်ကို ဖမ်းလို့မိပါစေ။

မနှင်းဆီရေ ကျနော်ပါ၊ နာစရာတွေမရှိ လွမ်းစရာတွေပဲရှိလို့ တဖြည်းဖြည်း ကြည်လင်လာတဲ့ ကောင်းကင်သေးသေးလေးပါ။ စိတ်ဆိုးချင်ယောင် ဆောင်ပြီး စာတွေရေး၊ စာအိတ်ထဲ လက်ဗဝါးရဲ့အနွေးဓာတ်လေးပါ ထည့်ပေးချင်နေတဲ့ မင်းကိုချစ်သော ဆောင်းရာသီပါ။ အခုတလောလေး တင်မှ လူတွေကို ရယ်ပြ ပြုံးပြတတ်လာတဲ့ မင်းစိုက်ခင်းထဲက အဝါရောင် နေကြာပန်းပါ။ မနှင်းဆီရေ ကျနော်ပါ။

ဟုတ်ပါတယ် ကျနော်ပါ။ သူ့အိမ်ရှေ့ သစ်သားတံခါးလေးကိုမှီပြီး ရပ်ထား မယ့် စက်ဘီးအပြာလေးပါ။ ကြည်လင်စွာလှည့်ကြည့်သင့်တဲ့ ခပ်တိုးတိုး ခေါ်သံတစ်ခုပါ။ တကယ်ဆို ကျနော်တို့တွေ အနီးအနားမှာ နေသင့်တယ် မဟုတ်လားဗျာ။

ဟယ်လို ကျနော်ပါ။ စိစ်ငြိမ်းပါ။ ကျောင်းအမရေ၊ ချစ်ရတဲ့ ၂၈နှစ်သမီးလေး ရေ မေးပါရစေ ...။ ဒီတစ်ခေါက် ကျနော့်အသံ ကြည်လင်ချိုသာရဲ့ မဟုတ်လားခင်ဗျာ။

(၃-၉-၂၀၂၀)

*****

ကျနော်ကလေ ကျနော်က။
မနှင်းဆီများ ပျောက်သွားရင်
လူတစ်ယောက်လို ငိုမယ့်
အညိုရောင် ခွေးကလေးပါဗျာ။

မနှင်းဆီရေ ကျနော်ပါ - ၂

သတိရစိတ်ကို ဝိစကီတစ်ခွက်နဲ့မျှောချလို့ နှာသီးဖျားတွေအေးလာတဲ့အထိရူးနေတဲ့ရာသီဥတုရယ်ပါ

အခုချိန်ဆို ခင်ဗျားလက်ဖဝါးလေးတွေရော ချမ်းနေမလား ကျနော်ကလည်း လွမ်းတတ် ဆွေးတတ်တဲ့ အမည်မသိတူရိယာ

ထားပါတော့ဗျာ ဖြစ်နိုင်ရင် အခုပဲ ကျနော့်အကြောင်းပါတဲ့သီချင်းလေးတစ်ပုဒ်လောက်စပ်ပြီး ခင်ဗျားအိမ်နားကငှက်ကလေးကို သင်ပေးလိုက်စမ်းပါ

ကျနော်ပါ

ကျနော်ပါ

နှလုံးသားကိုဖွင့်လို့ ခင်ဗျားဆီမယ် အဲဒီအကြောင်းတွေနားဆင်ဖို့

အဆင်သင့်ဖြစ်နေလို့ပါ

မနှင်းဆီရေ ကျနော်ပါဗျာ

အဆက်အသွယ်တွေပြတ်တောက်သွားတဲ့အခါတိုင်း နောက်ဆုံးအသံထွက်ခဲ့တဲ့သူက ကျနော်ပေါ့

နောက်လည်း အမြဲပဲ လှမ်းလှမ်းခေါ်နေမိဦးမှာ

ဟယ်လို မနှင်းဆီရေ ကျနော်ပါ

ဒီနေရာရောက်တိုင်း မျက်လုံးတွေကိုမှိတ်ထားပါ

ခေါင်းကို မော့ထားပါ

ပြီးတော့ ကျနော့်အသံကို နားဆင်ပါ

အခုဆို

နေကောင်းကျန်းမာသော ကံ့ကော်ပွင့်လေးဟာလည်း မင်းပဲ

ရှင်သန်နေတဲ့ နှင်းဆီပွင့်လည်း မင်းပဲ

ပျော်ရွှင်လန်းဖြာသော နေကြာရိုင်းလေးဆိုလည်း မင်းပဲ

လှသော မွှေးသော ပန်းပွင့်တွေမြင်တိုင်း မင်းကိုပဲ သတိရ

ဒီလိုပဲ ပြောပြတာပါ။

(၈-၁-၂၀၂၁)

*****

ပန်းတွေပွင့်တဲ့ နှင်းစက်မနက်ခင်း

ပထမတော့ မင်း တအားကို ပြုံလဲ့ခဲ့ဖူးမှာပဲ

နောက်တော့ မင်းကိုသိပ်ချစ်တဲ့ ဆောင်းဥတုလူသားကြောင့် အိပ်ရာ သေးသေးလေးမယ် ကွေးကွေးလေးအိပ်ရင်း ပါးပါးပါးလေး ပြုံးနေရ တော့မယ်

လူဟာ အချစ်ခံရရင် နေသာရုံလေးနွေးမှာပေါ့

ဒီအရေးအသားထဲမယ် ဒဏ်ရာကိုမရှာပါနဲ့

ပျော်တယ်။

(၂၁-၉-၂၀၂၀)

*****

Blossom Of Nature

ဒါဟာ စကားပြေတစ်ပုဒ်မဟုတ်ပါဘူး။ ဒီစာအုပ်အတွက် ကျနော်ရေးတဲ့ စာတွေ ပြီးပြီဆိုတဲ့အကြောင်း သတိပေး နှုတ်ဆက်စကားပဲဖြစ်ပါတယ်။

နောက်မှာဆက်လာမယ့်စာတစ်ပုဒ် (ဝါ) စာမျက်နှာအနည်းငယ်ကတော့ ဒီစာအုပ်ရဲ့ အသွားအလာ color နဲ့ နည်းနည်း (သို့မဟုတ်) တော်တော် ကွဲပါတယ်။

ကျနော် စိတ်ကြည်နေတုန်း ပေါ့ပေါ့ပါးပါးရေးမိတဲ့တစ်ပုဒ် (သို့မဟုတ်) ကောင်းအမလေးကိုပေးဖူးတဲ့ ရည်းစားစာဆိုပါတော့။ မထူးတော့ပါဘူးကွာ ... ဆိုပြီး အပိုလက်ဆောင် ထည့်ပေးလိုက်တာပါ။

သဘာဝသည် ဖူးပွင့်ဝေစီပါသည်။

ချစ်ခင်စွာဖြင့်

စစ်ငြိမ်း (၂-၆-၂၀၂၀)

*****

မနှင်းဆီနဲ့ အတူတကွ

မနှင်းဆီရေ အကိုတစ်ယောက်က ချစ်စဖွယ်ကြွားဝါရဲ့ ငါးနပ်မွန်ဟင်းတဲ့ ... ကွ။ သူ့ကိုလေ သူချစ်သောအမျိုးသမီးလေး ချက်ကျွေးတဲ့ ဟင်းတစ်ခွက် ပေါ့။ ကိုယ့်မယ် စားချင်စဖွယ် ဟင်းခွက်လေးတွေမြင်တော့လည်း မင်းကိုပဲ သတိရ။ ဩော် .. ဒီဟင်းလေး .. မင်းချက်ကျွေးဖို့ ပူဆာရမယ်ပေါ့။ ကိုကလေ သိပ်ဆိုးတာပဲ။ မင်းအပေါ်ဆို အမြဲဆိုးချင်နေတာက ရယ်ရ။ ဒါကလေ မင်းဂရုစိုက်တာပဲ ခံချင်နေတဲ့ စိတ္တဇကြောင့်ဖြစ်မှာ။

ချစ်စရာကောင်းတာလေးတွေ ဘာပဲမြင်မြင် မင်းကိုပဲသတိရ။ ဘယ်လမ်းမှာ ဘယ်ပန်းလေးတွေ ကြည့်မယ်။ ဘယ်ခရီးကို ဘယ်ထီးလေးဆောင်းပြီး သွားကြမယ်။ ဆိုပါစို့ကွယ် ... မင်းကိုပဲသတိရ။ မင်းကိုပဲသတိရတာကွ။ တိမ်တွေမြင်လည်း သတိရ။ ရေကန်သာအနားမယ် ဇေဒါရန့်တွေရလည်း သတိရ။ ကန်ရေပြင်ကိုဖြတ်တိုက်တဲ့လေပြေ ဘဝအဆက်ဆက် အေးစေ တော့လည်း၊ အင်း .... မင်းကိုပဲလေ။ ကိုယ်ကကွာ အဲ့လိုပါ။ သတိရခြင်းကို နိုင်ငံတော်က အခွန်မကောက်တိုင်း စွတ်စွတ်ပြီးတော့လေ သိလား ..။ ချစ်သော။ ချစ်ရသော။ ချစ်ရပါသော ဓမ္မမိတ်ဆွေ ကျောင်းအမလေးရေ။

စမ်းရေတွေစီးတာလည်း လိုက်ပြမှာသိလား။ ကမ်းခြေခရီးတွေလည်း အတူခေါ်သွားပြီး ဘယ်လိုလွမ်းခဲ့ဖူးလဲ ပြောပြမှာ။ ညညဆို ကိုက ဘယ် သီချင်းလေးတွေနဲ့ ဘယ်လိုနေထိုင်။ ဘယ်လိုများ တိတ်တိတ်လေးမှိုင်လို့။ ကွယ် ... ကျောင်းအမလေးကတော့ အဲ့ဒီအချိန် ကွေးနေအောင်အိပ်နေတာ ဖြစ်ချင်ဖြစ်မှာပေါ့ ... လို့။ အဲ့ဒီလိုတွေ ပြန်ပြန်ပြော။ အသားလွတ် ရန်တွေ လုပ်လို့။ ဆွေးစရာကို ချစ်စရာနဲ့ဖြေ။ သံယောဇဉ်တွေကိုပဲ မေလရဲ့မိုးလို ရွာချမှာ။ တကယ်ကြီးတော့ စိတ်ဆိုးမသွားလောက်ဘူး မဟုတ်လား။

ကို့ကို မုန့်ညှင်းပေါင်းလုပ်ကျွေးစမ်းပါ ကျောင်းအမလေး။ အရမ်းနူးညံ့တဲ့ မှို့စေ့ဟင်းလေး ချက်ကျွေးစမ်းပါ ကျောင်းအမလေး။ ခင်ဗျားလေးမကြိုက်တဲ့ အရက်ကို တိခနဲဖြတ်၊ တစ်ခါတလေမှ ခိုးသောက်မှာပါ ကျုပ်က။ ကတိဆိုလည်း တည်တတ်ပါတယ်။ ညတိုင်း ဘုရားဝတ်ပြုနေတာတော့ ခု အမြင်ပဲ မဟုတ်လား။ အကို့ကိုလေ ဟင်းတွေသာချက်ကျွေး၊ မကြာမကြာ ရန်ထ ဖြစ်ဖို့က အကို့တာဝန်ထား။ နည်းနည်းလေးမှ မရစ်လိုက်ရရင် မင်း အိပ်မပျော်မှာစိုးလို့လေ။ တကယ်ကြီးတော့ စိတ်ဆိုးမသွားလောက်ဘူး မဟုတ်လား။ အကို့ကိုလေ ချစ်စမ်းပါကွာ။

ကျောင်းအမလေးရေ တရားဓမ္မလည်း ဆွေးနွေးမှာ။ မှားသမျှလည်း ခေါင်းငုံ့လို့ တောင်းပန်မှာပါ၊ မင်းရှေ့မှာ။ အကိုတို့အိမ်လေးမယ် ပွင့်တဲ့ပန်းက မတရားရယူထားတဲ့ မျိုးစေ့လည်း မဟုတ်ဘူးမလား။ မိုးတွေရွာလို့ လေတွေ လည်းတိုက်၊ ကျောင်းအမလေးရဲ့အိပ်ခန်းလေးဟာ သိမ့်သိမ့်တုန်၊ ကျုပ်က တော့လေ စာအရှည်ကြီးတွေရေးပြီး အဲ့ဒီအခြေအနေကို ကြေကွဲ။ ပြီးတော့ စိတ်ပူ။ တကယ်တော့လေ မင်းက ကာတွန်းရုပ်လေးတွေပါတဲ့ ဝတ်စုံလေးနဲ့ အိပ်ပျော်နေမှာ ရယ်စရာ။ ရယ်စရာပါကျောင်းအမရယ် တရေးနိုးရင် အကို့ ကို သတိရပါဦး။

စာကြီးပေကြီးတွေမှဖတ်တတ်သော ကျောင်းအမလေး။ ဗုဒ္ဓဝင်ကျမ်းတွေ ကျေညက်လုစွာသော ကျောင်းအမလေး။ ကျနော်ရေးတဲ့စာတွေကို မကြိုက် ချင်ဟန်ဆောင်တတ်လှသော ကျောင်းအမလေး။ နေမကောင်းဘူးနော် ... လို့ ပြောပြီး ဇက်ထားခိုင်းတတ်သော ကျောင်းအမလေး။ သူဟာ သူ့အိမ် နားက ဥသြငှက်နဲ့ ရန်ဖြစ်တတ်သေးတယ်။ လေတွေအရမ်းတိုက်တဲ့အခါ တဝေါဝေါအော်တတ်တဲ့ ကုက္ကိုလ်ပင်အကိုင်းတွေနဲ့လည်း စိတ်ကောက်တတ် သေးတယ်။ ကိုကိုရေ ကိုကိုရေ တအားအော်တဲ့ ဥသြကောင်ကို ... ဆူပါ ဦးတဲ့...။ အဲ့ဒီလို နူးညံ့တဲ့ပန်းတစ်ပွင့်ပဲလေ မင်းက။ အကို့ကိုလေ မချစ်ချင် ယောင်တွေ ဆောင်ပါဦး။

ကျောင်းအမလေးရေ အကို့ကိုလေ မချစ်ဘူးမဟုတ်လား။ မင်းက ပြန်ပေးဆွဲ ခံရပြီး မတတ်သာလို့ အကို့ရည်းစားလာဖြစ်နေတာ။ ကိုကိုရုပ်ချောလာ တာကို အသိအမှတ်မပြုပဲ နေပါဦး။ ရှင် ... ပိန်သွားတယ်နော် ဆိုတာ လောက်ပဲပြောပြီး ကိုယ်ဝတ်ဖို့ ပုဆိုးအဆင်လှလှလေးတွေ ဝယ်ပေးနေတာ ကိုလည်း အကို့ကိုကြိတ်ကြွေနေလို့မဟုတ်ဘူးလို့ပဲ အကိုယုံပေးပါ့မယ်။

အလုပ်တွေမအားတဲ့ကြားက အကိုချိန်းရင် အပြေးလာတွေ့ ဈေးကြီးတဲ့ ဆိုင်ကနေ ကော်ဖီကောင်းကောင်းက ဝယ်လာရသေး။ သြော် အမျိုးသမီး တွေမယ်လည်း ပိုးကြေးပန်းကြေးက ရှိသေးတာလား။ ကျောင်းအမလေးရေ မင်း အကို့ကို တစ်ဖက်သတ်ချစ်နေတာတော့ မဟုတ်လောက်ပါဘူးနော်။

ကျောင်းအမလေးက အကို့ကိုမချစ်ပါဘူးကွာ။ သူ့ဆိုင်ကယ်ပေါ်တင်မောင်းနေရင်းပဲ နောက်ပြန်လှည့်၊ နမ်းပါဦး ... လို့ သူ့ပါးလေးကိုပဲ ထိုးပေးတတ်တာ။ အဝေးကြီးကနေ အကို့အိမ်နားလာပြီး အကိုဖတ်ဖို့စာအုပ်တွေ အကို အရက်နဲ့မြည်းဖို့ ကြက်သားသုပ်တွေပဲ လာလာပေးတတ်တာ။ သြော်... မချစ် ပါဘူးလို့ ဘယ်လိုငြင်းဦးမလဲ။ ခါးလေးကိုဖက်ပါ ကိုကိုချစ်မယ့်

သွယ်သွယ်ကျစ်ကျစ်လေးတဲ့။ သြော် ကျောင်းအမလေးက အကို့ကို မချစ်ဘူးနော်။ မင်းနှယ် ... တအားအငြင်းသန်တာ။

ကျနော်တို့များ ညားခဲ့ရင်ပေါ့ ... တဲ့။ ဒီလိုနဲ့ မင်းပြောတတ်တဲ့ အနာဂတ် အစီအစဉ်တွေ ဖြစ်အောင် အကိုကြိုးစားမှာပေါ့ကွာ။ မကြိုက်ဘူး မကြိုက် ဘူးနဲ့ ညားဖို့ထိတွေးနေတဲ့ မင်းက အကို့ကို ရိသဲ့သဲ့လာလုပ်နေတယ်လို့ လည်း မတွေးရက်ပါဘူး သိလား။ စတာပါကွာ စတာပါ။ အကို့ကို ယုံနော်။ -နောက်နှစ်လောက်ဆို ဒုတ္တဝတီမြစ်ဘေးမယ် ခြံအကျယ်ကြီး ဝယ်လိုက် မယ်ကွာ၊ သရက် သဘော် စီးပွားဖြစ်အောင် အပင်တွေစိုက်ပစ်မှာ။ သဘော်ခြံသူဌေးကြီး အကိုက မင်းရုံးတက်ရင်စီးဖို့ မာစီဒီးကားဝယ်ပေးမှာ။ မင်းပြောသလို မင်းကြွေနေတဲ့ အကိုနဲ့မင်း ညားများညားခဲ့ရင်ပေါ့။ သိလား။

ဆိုတော့ကွာ အခုဆို အကိုက ပိုက်ဆံတွေအများကြီးရှာတော့မှာ။ အလုပ် တွေ အများကြီးလုပ်ရတော့မှာ။ ဒါပေမယ့် ခက်များခက်ချင်တော့၊ ကမ္ဘာ ကြီးဟာ ရုတ်တရက် မကျန်းမာ၊ ကပ်ကြီးတော့ ဆိုက်သွားတယ်ပေါ့ကွာ။

အဲ့ဒီတော့ ဒီကပ်ကြီးပြီးရင်ပေါ့လေ၊ ဒီကိစ္စကြီးပြီးရင်တော့ကွာ၊ အကိုတို့က မကြာခဏ တွေ့ရတော့မှာ။ ကျောင်းအမလေးမင်းက လူတွေကို ချစ်ခင်၊ မရှိအားနည်းသူကို သနား၊ လောကကိုချစ်တတ်တဲ့ မွှေးသော ပန်းကလေး တစ်ပွင့်ပဲပေါ့ကွာ။ အလှူအတန်းတွေလည်း အကြီးကြီးကျင်းပဖို့ တွေးထား ပါဦးပေါ့။

အကိုကတော့လေ ချစ်စရာ သားလေးသမီးလေးတွေ အများကြီး မွေးခိုင်းဖို့ပဲ တွေးနေမိတာ။ မင်း တကယ်တော့ စိတ်မဆိုးလောက်ဘူး မဟုတ်လား။

ကျောင်းအမလေးရေ၊ ချစ်သော အွဲ့ဒီက ၂၈ နှစ်သမီးလေးရေ၊ အကိုကတော့ သစ္စာကိုရှာဖို့ လောကတံတိုင်းအပြင်ရောက်ပြီးရင်တောင် အမြန်ပြန်လှည့်၊ မင်းဆီပဲ တန်းနေအောင် ပြန်လာမိဦးမှာ။ အကို့ကိုလေ ချစ်နေတယ်လို့သာ ဝန်ခံလိုက်စမ်းပါ။

စစ်ငြိမ်း

(၁၁-၅-၂၀၂၀)

အခုတော့ အလုပ်တွေအတူလုပ်ရင်း ချည်ထည်သူဌေးကြီးတွေ ဖြစ်နေကြပြီပေါ့ကွာ

အစစအရာရာအတွက် ကျေးဇူးတင်ရပါတယ် ချစ်သော ၂၈နှစ်သမီး ကျောင်းအမလေးရေ။

သင်၏

စစ်ငြိမ်း

(၉-၁၁-၂၀၂၀)

✳✳✳✳✳

အဆုံးထိ ဖတ်ပေးခဲ့လို့

ကျေးဇူးတင်ပါတယ်

Whispers of Words